# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၂ ရက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၁၇ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၀၇၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

## တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖွင့်လှစ်

# ဝါစိုက်ပျိုးရေးကို အောင်မြင်အောင်ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လို

နေပြည်တော် ဒီဇင်ဘာ ၁၆

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁

**ယနေ့ ဖတ် စ ရာ**


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့် အထိမ်းအမှတ်ညစာစားပွဲတက်ရောက်**

ပြည်တွင်းသတင်း စာ ၆

**၁၂ ရာသီ စိုက်ပျိုးထုတ်လုပ်နိုင်သော Green House စနစ်ကို ပုဂ္ဂလိကနှင့် သမဝါယမစနစ်တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်း**

ဆောင်းပါး စာ ၁၆





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ❂ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏ အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များတစ်ခုလုံးက ဦးတည်ဆောင်ရွက်

*❁ ရှေ့ဖုံးမှ*

China Texmatech Co. Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မိတ္ထီလာမြို့နယ်မှ ရပ်မိရပ်ဖများ၊ စက်ရုံမှူး၊ စက်ရုံဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ဝင်းမြတ်က စက်ရုံတည်ဆောက်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)၊ ၂/၈၀ ချည်ချောစက်ရုံခွဲ မှတ်တမ်းရုပ်သံကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူတို့အနေဖြင့် စတင်ဖြစ်တည်စဉ်ကတည်းကပင် စားရေး၊ ဝတ်ရေး၊ နေရေးဟူသည့် ကိစ္စရပ်ကြီးသုံးခုကို နေ့စဉ် မလွဲမသွေ ရင်ဆိုင်နေကြရကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ယင်းအရေးကိစ္စကို အဆင်ပြေစွာ ဖြေရှင်းနိုင်ရေး နိုင်ငံတော်တာဝန် စတင်ထမ်းဆောင်ချိန်ကတည်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းများကို ခိုင်မာသည့် ကုန်ထုတ်လုပ်ငန်းများအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ခဲ့ကြောင်း၊ စား၊ ဝတ်၊ နေရေးတွင် ဝတ်ရေးဟူသည့် အဝတ်အထည်သည် လူသားများမွေးဖွားချိန်မှ သေဆုံးချိန်အထိ ဆောင်ရွက်ရသည့်လုပ်ငန်းဖြစ်ကြောင်း၊ အဝတ်အထည်အသုံးအဆောင်ဖူလုံရန်မှာ လူ့ဘဝ တစ်လျှောက် အရေးကြီးကြောင်း၊ ထို့ကြောင့် ပြည်တွင်းအဝတ်အထည် ဖူလုံစေရေးအတွက် ပြည်တွင်း၌ စိုက်ပျိုးနေသည့် ဝါမှ တန်ဖိုးမြင့် ကုန်ပစ္စည်းများအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ရန် ကြိုးစားခဲ့ကြောင်း။

ဝါစိုက်ပျိုးရေးနှင့် ပတ်သက်ပါကလည်း ၂၀၁၆ ခုနှစ်ကစ၍ ဝါစိုက်ပျိုးမှုနှုန်း လျော့ကျလာသည့် အခြေအနေကို သုံးသပ်ပြီး ဝါစိုက်ပျိုးနိုင်သည့်ဒေသများတွင် အထွက်နှုန်းကောင်းပြီး အဆင့်မီချည်ထုတ်လုပ်နိုင်သည့် ချည်မျှင်ရှည်ဝါမျိုးများ စိုက်ပျိုးရေးကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဝါစိုက်ပျိုးရေးအောင်မြင်ရန် အခြေအနေကောင်းများရှိနေသော်လည်း ပြည်ပမှ နှစ်စဉ် ချည်နှင့် ပိတ်ထည်များကို ပမာဏများစွာ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် ဝါစိုက်ပျိုးရေးကို အောင်မြင်အောင် ဆောင်ရွက်ပြီး နိုင်ငံတကာအဆင့်မီချည်ထည်များ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ ချည်ထည်များကို အထည်ချုပ်လုပ်ငန်းများ၌ဖြစ်စေ၊ ပြည်ပကိုပြန်လည်တင်ပို့ခြင်းဖြစ်စေ ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ပြီး နိုင်ငံတော်အတွက် နိုင်ငံခြားငွေများ ရရှိနိုင်မည်ဖြစ်ကြောင်း။

**နိုင်ငံတကာအဆင့်မီ ချည်ချောများထုတ်လုပ်**

ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ဖွင့်လှစ်နိုင်သည့်အတွက် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)အနေဖြင့် ပြည်တွင်း၌ လိုအပ်နေဆဲဖြစ်သည့် အရည်အသွေးကောင်းမွန်သည့် နိုင်ငံတကာအဆင့်မီ ချည်ချောများကို ထုတ်လုပ်နိုင်တော့မည်ဖြစ်သည်ကို ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားလိုကြောင်း။

တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ဝတ်ရေးဆိုင်ရာ အထည်အလိပ်လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်နှင့် ပြည်ပမှ မှာယူတင်သွင်းမှုလျော့နည်းစေရန်အတွက် တရုတ်- မြန်မာ အစိုးရတို့အကြား သဘောတူညီချက်စာချုပ် ချုပ်ဆိုပြီး ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)ကို ၁၉၆၆- ၁၉၆၇ တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စက်ရုံကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းပေးခဲ့ကြောင်း။

**အထည်အလိပ်ပစ္စည်းများ ထုတ်လုပ်ပေးနိုင်**

မိမိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန် စတင်ထမ်းဆောင်ခဲ့သည့် ၂၀၁၁ ခုနှစ်နောက်ပိုင်းတွင်လည်း တပ်မတော်အတွက် လိုအပ်သည့် စစ်ဝတ်ပစ္စည်းများ ဆက်လက်ထုတ်လုပ်နိုင်ရေး လိုအပ်သည့် စက်ပစ္စည်းများကို ဝယ်ယူပေးခဲ့ပြီး နိုင်ငံတကာ တပ်မတော်များနည်းတူ စစ်ဝတ်ပစ္စည်းများ အဆင့်မီစေရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အချိန်တွင် တပ်မတော်သားများအတွက် လိုအပ်သည့် ဝတ်စုံအမျိုးမျိုးအပြင် တပ်မတော်သားများနှင့် ပြည်သူများအတွက် လိုအပ်သည့်အခြားသော အထည်အလိပ်ပစ္စည်းများကို ထုတ်လုပ်ပေးနိုင်ပြီဖြစ်ကြောင်း။

ယခုကဲ့သို့ စက်ရုံအဆင့်မြှင့်တင်ခြင်းများ၊ စက်အသစ် ပြောင်းလဲတပ်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သော်လည်း အဆင့်မြင့် ၂/၈၀ ချည်များ မထုတ်လုပ်နိုင်သေးသည်ကို တွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် ၂/၈၀ ချည်များကို ပြည်တွင်းကထွက်သည့် ဝါများနှင့် ထုတ်လုပ်နိုင်ရေး စက်ပစ္စည်းများကို ဖြည့်ဆည်းပေးခဲ့သည်မှာ ယခုဆိုပါက စတင်လည်ပတ်နိုင်ပြီဖြစ်ကြောင်း၊ ယခုတည်ဆောက်တပ်ဆင်ပြီးစီးသည့် စက်ရုံသည် စက်စွမ်းအားပြည့် လည်ပတ်မည်ဆိုပါက တစ်ရက် ချည်ပေါင်ချိန် ၄၈၄၀၊ တန်အားဖြင့် နှစ်တန်ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထွက်ရှိလာသည့် ၂/၈၀ ချည်ချောများကို ပြည်သူလူထုအတွက် လိုအပ်သည့်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းပေးအပ်စဉ်။

စာမျက်နှာ ၃ မှ

လုံချည်နှင့် ပိတ်များအဖြစ် ရက်လုပ်မည်ဖြစ်ပြီး ပိုလျှံသည့်ချည်များကို ပြင်ပဈေးကွက်ကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း။

**ဝါအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်**

ယခု ၂/၈၀ ချည်ချောစက်ရုံခွဲ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာနိုင်ငံ၏ ချည်ထည်ခေတ်တစ်ခေတ် ပြောင်းလဲမှု၏ အစဖြစ်သည်ဟု ပြောလိုကြောင်း၊ မိမိတို့အနေဖြင့် အဆင့်မြင့်ချည်ထည်များ ထုတ်လုပ်နိုင်သည့် ဝါမျိုးကောင်းမျိုးသန့်များကို စိုက်နည်းစနစ် မှန်ကန်စွာ ဆောင်ရွက်ပြီး ဝါအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်ကလည်း ဝါကြိတ်စက်ရုံများ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကိုအခြေခံသည့် စက်မှုလုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့် စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကို အသုံးချပြီး နိုင်ငံကို ဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါစိုက်ပျိုးရေးနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ဝါစိုက်ပျိုးတောင်သူများအနေဖြင့် နိုင်ငံတော်၏ ဝါစိုက်ပျိုးမှု၊ ဝါထွက်ရှိမှုများတိုးတက်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ)က တပ်မတော်တစ်ရပ်လုံးအတွက် လိုအပ်သည့် စစ်ဝတ်ထည်ပစ္စည်းများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောတို့ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဝါဂွမ်းကုန်ကြမ်းမှ စစ်ဝတ်ကုန်ချောအထိ ထုတ်လုပ်ပေးနေသကဲ့သို့ ယနေ့ဖွင့်လှစ်လိုက်သည့် ၂/၈၀ ချည်ချောစက်ရုံသည် နိုင်ငံ၏ အဝတ်အထည်လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အဆင့်မီအဝတ်အထည်နှင့် အထည်အလိပ်များကို ထုတ်လုပ်ပေးနိုင်မည့်၊ မြန်မာ့အဝတ်အထည်လောကကို တစ်ခေတ်ဆန်းစေမည့် ဆောင်ရွက်ချက်များကို ယခုစက်ရုံကအစပြုပြီး တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံး၊ အထည်အလိပ်အထောက်အကူပြု MSME လုပ်ငန်းစဉ်များ တစ်ခုလုံးက ဦးတည်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။




China Texmatech Co. Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံ လွှဲပြောင်းပေးအပ်စဉ်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ China Texmatech Co. Ltd. မှ တာဝန်ရှိသူတစ်ဦးက စက်ပစ္စည်းတပ်ဆင်မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို စက်ရုံမှူးထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံတည်ဆောက်ရာတွင် ပါဝင်ခဲ့သည့် CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးအား သစ်သီးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးအပ်ပြီး CTMTC ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်တပ်ဆင်ရေးလုပ်ငန်းများကို ဦးစီးကြပ်မတ်ဆောင်ရွက်ခဲ့သည့် Project Chief Engineer အား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့် ချည်မျှင်ထုတ်လုပ်မှုအဆင့်ဆင့်ပြကွက်များနှင့် တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချောစက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ကောင်စီဝင်ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစောတို့က ဖွင့်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၅ သို့

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(မိတ္ထီလာ) ၂/၈၀ ချည်ချော စက်ရုံခွဲမှ ထုတ်လုပ်ထားသည့် ချည်ထည်ပစ္စည်းများကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

*စာမျက်နှာ ၄ မှ*

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စက်ရုံအတွင်းရှိ ချည်ငင်အလုပ်ရုံ၊ ချည်ကျစ်အလုပ်ရုံနှင့် ချည်ဆေးဆိုးအလုပ်ရုံများအတွင်း ချည်များအဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ စက်ရုံမှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

အဆိုပါ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ (မိတ္ထီလာ)အနေဖြင့် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက် လိုအပ်သည့် ဝတ်စုံများကို ချုပ်လုပ်ပေးလျက်ရှိသကဲ့သို့ ကျောင်းဝတ်စုံများ၊ အခြားနေ့စဉ်သုံး ချည်ထည်ပစ္စည်းများကိုလည်း ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်သူများ၏ ဝတ်ရေးကို ပိုမိုအထောက်အကူပြုစေရန်နှင့် ပြည်တွင်းချည်ချောထုတ်လုပ်မှုများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိချိန်တွင် ယခုကဲ့သို့ ၂/၈၀ ချည်ချောစက်ရုံခွဲကို ထပ်မံတိုးချဲ့တည်ဆောက်နိုင်ခဲ့ခြင်းဖြင့် ပြည်တွင်းရှိ အထည်အလိပ်နှင့် ပတ်သက်သည့် စက်မှုလုပ်ငန်းများအတွက် လိုအပ်ချက်ရှိနေသည့် ချည်မျှင်နှင့်အထည်အလိပ်များကို အတိုင်းအတာတစ်ခုအထိ ထုတ်လုပ်ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့် သတ်မှတ်ထားသည့် အရည်အသွေးစံနှုန်းများအတိုင်း ပြည့်မီစွာထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်ရုံအတွင်းရှိ ချည်များ အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို ကြည့်ရှုစဉ်။

## ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၌ မောင်မယ်သစ်လွင်ကြိုဆို




**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းသိပ္ပံ(တွံတေး)၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းသားကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မြန်မာနိုင်ငံ၏ ငါးမွေးမြူရေးပညာရပ်ကို အဓိကထား၍ စာတွေ့၊ လက်တွေ့ သင်ကြားပေးမည့်အပြင် ငါးလုပ်ငန်းကဏ္ဍတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများကို အသိပညာ၊ ကျွမ်းကျင်မှုများဖြင့် ဖြေရှင်းဆောင်ရွက်တတ်စေရန် သင်ကြားပေးနေခြင်းဖြစ်၍ မောင်တို့/မယ်တို့အနေဖြင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ အောင်မြင်စွာရောက်ရှိအောင် ဆရာ ဆရာမများ၏ ဆိုဆုံးမစကားများကို နာယူ၍ ကြိုးစားအားထုတ်ကြရန် ပြောကြားသည်။(ဝဲပုံ)

ထို့နောက် ငါးလုပ်ငန်းသိပ္ပံ (တွံ့တေး) ကျောင်းအုပ်ကြီး ဒေါ်မိုးသူဇာမောင်က မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ငါးလုပ်ငန်းသိပ္ပံကျောင်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညို‌စော မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့် အထိမ်းအမှတ်ညစာစားပွဲတက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့် အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ LOTTE ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စော၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဦးမောင်မောင်အုန်း၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Ms. Ma Jia၊ တရုတ်ကောင်စစ်ဝန်ချုပ်၊ မြန်မာနိုင်ငံတရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးအိုင်ထွန်း၊ အကြီးတန်း ဒုတိယဥက္ကဋ္ဌများနှင့် နာယကများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စော မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်တည်ထောင်ခြင်း ၁၁၅ နှစ်ပြည့်အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ရှေးဦးစွာ တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စောနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တက်ရောက်လာသူများနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ် ဥက္ကဋ္ဌ၊ အကြီးတန်းဒုတိယဥက္ကဋ္ဌများ၊ နာယကများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စောနှင့် အခမ်းအနားတက်ရောက်လာသူများ ခင်းကျင်းပြသထားသည့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်၏ သမိုင်းကြောင်း မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစဉ်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသီချင်းဖြင့် အခမ်းအနားကို ဂုဏ်ပြုဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၏ သမိုင်းကြောင်း ဗီဒီယိုကို ကြည့်ရှုကြသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စောက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ရန်ကုန်ကလေးဆေးရုံကြီး၊ ဝေဘာဂီအထူးကုဆေးရုံကြီးတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

**အမှတ်တရကိတ်မုန့်ကို လှီးဖြတ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညို‌စော၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်ဥက္ကဋ္ဌတို့က အမှတ်တရကိတ်မုန့်ကို လှီးဖြတ်ပေးခဲ့ကြသည်။

ညစာစားပွဲတွင် မြန်မာ၊ တရုတ် ချစ်ကြည်ရေးတေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ စီးပွားရေးလုပ်ငန်းရှင်များ သီလဝါအထူးစီးပွားရေးဇုန် ကြည့်ရှုလေ့လာ

**ရန်ကုန် ဒီဇင်ဘာ ၁၆**

မြန်မာနိုင်ငံ တရုတ်ကုန်သည်များ အသင်းချုပ်၏ ၁၁၅ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနား တက်ရောက်ရန် ရန်ကုန်မြို့၌ ရောက်ရှိနေသော အသင်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်း ၂၅၀ တို့သည် ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့နယ်ရှိ သီလဝါအထူးစီးပွားရေးဇုန် သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။



ဦးစွာ စီးပွားရေးလုပ်ငန်းရှင်များအား သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ရုံးခန်းမ၌ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအိုင်ထွန်းက သီလဝါအထူးစီးပွားရေးဇုန်သို့ လာရောက်ကြည့်ရှု လေ့လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်မှ တာဝန်ရှိသူများက သီလဝါ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်မှု၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှု၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေအရ ပေးအပ်ထားသည့် ခံစားခွင့်များ၊ လုပ်ငန်းဆိုင်ရာ အခွင့်အလမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ လုပ်ငန်းရှင်များအတွက် သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီနှင့် One Stop Service ဌာနများက အချိန်နှင့်တစ်ပြေးညီ စီမံ ဆောင်ရွက်ပေးနေမှုတို့ကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး သီလဝါ အထူးစီးပွားရေးဇုန်၏ လုပ်ငန်းဆောင်ရွက်နေမှု မှတ်တမ်းဗီဒီယိုကိုပြသကာ သီလဝါအထူးစီးပွားရေးဇုန်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံပေါင်း ၂၁နိုင်ငံမှ ကုမ္ပဏီလုပ်ငန်း ၁၁၇ ခု ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ်များကို ထပ်မံခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်နိုင်ရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ရင်ပြင်တော်တွင် တည်ထားကိုးကွယ်မည့် မာရဝိဇယဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော်နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးအားဖူးမြော်၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့်တွေ့ဆုံ

**စစ်တွေ ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဒေါက်တာဘရှွေနှင့် ခွန်စံလွင်တို့သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဖုံနှင့် ဦးဇော်အေးမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ လောကာနန္ဒာစေတီတော်မြတ်ကြီးနှင့် ရှေးဟောင်းသမိုင်းဝင် စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ပြီး အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

**အလှူငွေများပေးအပ်လှူဒါန်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် အဖွဲ့သည် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်၍ စေတီတော် ဘက်စုံပြုပြင်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ လောကာနန္ဒာစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် တည်ထားကိုးကွယ်ထားရှိသည့် မာရဝိဇယ ဆင်းတုတော်နှင့် အဘယရာဇမုနိ ဆင်းတုတော် နှစ်ဆူအတွက် စံကျောင်းတော်(၂) ဆောက်လုပ်နေမှုနှင့် နေပူခံကျောက်ပြား ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လောကာနန္ဒာစေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင်စကြာမုနိဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

**ဆရာ ဆရာမများနှင့် တွေ့ဆုံ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်အဖွဲ့သည် စစ်တွေတက္ကသိုလ်သို့ သွားရောက်ပြီး ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ စစ်တွေတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ ဆရာ ဆရာမများနှင့် တွေ့ဆုံစဉ်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ဘရှွေက ပညာရေးဌာနတွင် တာဝန်ထမ်းဆောင်နေကြသည့် မိမိတို့ ဆရာ ဆရာမများသည် အတတ်ပညာဆိုသည့် ဘာသာရပ် ကျွမ်းကျင်မှုအပြင် ကျောင်းသား ကျောင်းသူများကို စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ် အယူအဆ မှန်ကန်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့် ပြည့်စုံသည့် ကျောင်းသား ကျောင်းသူများ ပေါ်ထွန်း လာစေရေးအတွက် စေတနာ၊ မေတ္တာ၊ ဂရုဏာထားပြီး သင်ကြားပေးကြသော ဆရာ ဆရာမကောင်းများ ဖြစ်နိုင်ကြပါစေကြောင်း၊ ဆရာ ဆရာမများသည် မိမိတို့ အသက်မွေးဝမ်းကျောင်းပညာဖြစ်သော မြင့်မြတ်သည့် ပညာသင်ကြားရေးလုပ်ငန်းကို အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ဖြင့် ထမ်းဆောင်နိုင်ပါစေကြောင်း ပြောကြားသည်။

**ပြန်လည်ဆွေးနွေး**

ယင်းနောက်တက်ရောက်လာသော ဆရာ ဆရာမများက တာဝန်ထမ်းဆောင်နေမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှွေတို့က တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာ ဘရှွေက ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေနှင့် အခြေခံ စားကုန်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ပြီး တက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ပေါ်ရှိ ဈေးများ၌ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး လုပ်ငန်းများ ဆောင်ရွက်



**မကွေး ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးမြို့ပေါ်ရှိ မြို့မဈေး၊ ကန်သာဈေး၊ မင်္ဂလာဈေး စသည့်ဈေးများတွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်သည်။

**အသိပညာပေးဟောပြော**

ထိုသို့ ဆောင်ရွက်ရာတွင် မကွေးခရိုင် မီးသတ်ဦးစီးမှူး ဦးသန့်စင်၊ မကွေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးသူနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့်အတူ ဈေးများမီးဘေးလုံခြုံရေးအတွက် ဈေးများ၌ ထားရှိသည့် မီးငြိမ်းသတ်ရေးပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ၊ ရေရှိရေးအခြေအနေ၊ မီးသတ်ယာဉ် ဝင်/ထွက် သွားလာနိုင်မှုအခြေအနေ၊ လျှပ်စစ်အသုံးပြုမှု အခြေအနေတို့ကို စစ်ဆေးခဲ့သည့်အပြင် ဈေးသူ ဈေးသားများအား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နိုင်ရေး လက်တွေ့သရုပ်ပြသပြီး မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အနည်းငယ်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

**မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ပဥ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ



ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေး 9 Ball Pool Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များကို ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အမျိုးသား မီတာ ၁၀၀ အပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၄ ခုနှစ် ပဥ္စမအကြိမ်အမျိုးသား အားကစားပွဲတော် ဝန်ကြီးဌာန အဆင့်နှင့် ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့် ပြိုင်ပွဲပွဲစဉ်များ၏ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစား ရုံများ၌ ကျင်းပသည်။

ဦးစွာ **ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဘိလိယက်နှင့်စနူကာ ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က စနူကာ 6 Red Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲ တတိယဆုရရှိကြသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်နှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်က စနူကာ 6 Red Double နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကရင်ပြည်နယ်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီး ဦးသိန်းကိုကိုက 9 Ball Pool Single ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ပူးတွဲတတိယဆုရရှိသည့် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ပြည်ထောင်စု တရားသူကြီးချုပ် ဦးသာဌေးက 9 Ball Pool Double နှစ်ယောက်တွဲ ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်၊ ပူးတွဲတတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ** ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသာအောင်က အမျိုးသားမီတာ (၅၀၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းက အမျိုးသမီး မီတာ(၅၀၀၀) အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့်အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးထိန်လင်းက အမျိုးသားမီတာ(၄၀၀) တန်းကျော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန၊ ဒုတိယနှင့် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အမျိုးသမီး မာရသွန်အပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က အမျိုးသမီး မီတာ(၄၀၀)တန်းကျော်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆု ရရှိသည့် ကာကွယ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း၊ ဒုတိယ ဝန်ကြီးဦးအေးကျော်က အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပညာရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အမျိုးသား မာရသွန်အပြေးပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ကာကွယ် ရေးဝန်ကြီးဌာန၊ ဒုတိယဆုရရှိ သည့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် တတိယဆုရရှိ သည့် ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးအေးထွန်းက အမျိုးသားမီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန၊ ဒုတိယဆု ရရှိ သည့်ဆောက်လုပ်ရေးဝန်ကြီးဌာန နှင့် တတိယဆုရရှိသည့် ပြည်ထဲ ရေးဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ် ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ စိုးဝင်းက အမျိုးသမီးမီတာ (၈၀၀) အပြေး ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယ ဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိ သည့် အလုပ်သမားဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဦးမင်းသိန်းဇံက အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာန၊ ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစား နှင့်လူငယ်ရေးရာ ဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာ ညွန့်ဖေက အမျိုးသမီး မာရသွန်အပြေး ပြိုင်ပွဲတွင်ပထမနှင့် ဒုတိယဆုရရှိ သည့် ကာကွယ်ရေးဝန်ကြီးဌာန နှင့်တတိယဆုရရှိသည့် အလုပ် သမားဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စု ဝန်ကြီး ဦးမြင့်နောင်က အမျိုးသား မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် အားကစား နှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ အမျိုးသမီး မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ကာကွယ်ရေးဝန်ကြီး ဌာန၊ ဒုတိယဆုရရှိသည့်သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် တတိယဆုရရှိသည့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်းတို့မှ ပြိုင်ပွဲဝင် များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်အား ပေးအပ်ချီးမြှင့်ကြ သည်။

ထို့နောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၏ အမျိုးသား၊ အမျိုးသမီး လမ်းလျှောက်ပြိုင်ပွဲတွင် ရရှိခဲ့သည့် စံချိန်ဟောင်းထက် ယခုပဥ္စမ အကြိမ် အမျိုးသားအားကစား ပွဲတော်တွင် သာလွန်ကောင်းမွန် သည့် စံချိန်သစ်များရရှိခဲ့ကြသည့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ မောင်နိုင်လင်းထွန်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနမှ မဇင်မေထက်တို့ အား မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းနှင့် ဒုတိယ ဥက္ကဋ္ဌ ဦးသာအောင်တို့က မော်တော်ဆိုင်ကယ် တစ်စီးစီ အထူးဆုအနေဖြင့် ချီးမြှင့်ခဲ့ကြ သည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အလေးမပြိုင်ပွဲ**ကို အလေးမ အားကစားရုံ၌ ကျင်းပရာ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှု ရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် က အမျိုးသမီး ၄၅ ကီလိုအလေးမ ပြိုင်ပွဲတွင် ***စာမျက်နှာ ၉ သို့***



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏ အမျိုးသား သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်း အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းမှ ပြိုင်ပွဲဝင်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ် ပေးအပ်ချီးမြှင့်စဉ်။

*စာမျက်နှာ ၈ မှ*

ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်း၊ ဒုတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အမျိုးသမီး ၄၉ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းသူက အမျိုးသမီး ၅၅ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် မကွေးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် မကွေးတိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်း၏က အမျိုးသား ၅၅ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက အမျိုးသား ၆၁ ကီလိုအလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ အမျိုးသား ၆၇ ကီလို အလေးမပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ရခိုင်ပြည်နယ်နှင့် တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကို လည်းကောင်း တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

**ပြည်နယ်နှင့်တိုင်းဒေသကြီးဝူရှူးပြိုင်ပွဲ** ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင်အားကစားကွင်း၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က အမျိုးသမီး ချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ချင်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်က အမျိုးသားချန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက အမျိုးသမီး နန်းချွမ်ပြိုင်ပွဲတွင် ပထမနှင့်ဒုတိယဆု ရရှိသည့် ကချင်ပြည်နယ်နှင့် တတိယဆုရရှိသည့် ကရင်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က အမျိုးသား နန်းချွမ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်၊ ဒုတိယဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင်များကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်အား ပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အားကစားနည်းများ အလိုက် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားများကို ဒီဇင်ဘာ ၁၇ ရက်တွင် သက်ဆိုင်ရာ အားကစားရုံများနှင့် အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
ဝန်ကြီးဌာနအလိုက် ၁၆-၁၂-၂၀၂၄ ရက်နေ့ထိ ဆုရရှိမှုအခြေအနေ

| စဉ် | ဝန်ကြီးဌာန | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ၁၃ | ၉ | ၉ | ၃၁ | |
| ၂ | အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန | ၁၀ | ၇ | ၇ | ၂၄ | |
| ၃ | ပြည်ထဲရေးဝန်ကြီးဌာန | ၉ | ၈ | ၁၀ | ၂၇ | |
| ၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ၇ | ၁၁ | ၇ | ၂၅ | |
| ၅ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | ၂ | ၂ | ၁ | ၅ | |
| ၆ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၁ | ၃ | ၁ | ၅ | |
| ၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁ | ၂ | ၃ | ၆ | |
| ၈ | တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | ၁ | | | ၁ | |
| ၉ | ပညာရေးဝန်ကြီးဌာန | ၁ | | | ၁ | |
| ၁၀ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | | ၂ | | ၂ | |
| ၁၁ | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | | ၁ | | ၁ | |
| ၁၂ | အလုပ်သမားဝန်ကြီးဌာန | | | ၃ | ၃ | |
| ၁၃ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၄ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | | | ၁ | ၁ | |
| ၁၅ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | | | ၁ | ၁ | |
| ၁၆ | သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | | | ၁ | ၁ | |
| | စုစုပေါင်း | ၄၅ | ၄၅ | ၄၅ | ၁၃၅ | |

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်
ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်အလိုက်
၁၆-၁၂-၂၀၂၄ ရက်နေ့ထိဆုရရှိမှုအခြေအနေ

| စဉ် | ပြည်နယ်နှင့် တိုင်းဒေသကြီး | ဆုရရှိမှု | | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ရွှေ | ငွေ | ကြေး | စုစုပေါင်း | |
| ၁ | ရန်ကုန် | ၆၂ | ၃၃ | ၂၈ | ၁၂၃ | |
| ၂ | ရှမ်း | ၂၅ | ၂၆ | ၃၄ | ၈၅ | |
| ၃ | စစ်ကိုင်း | ၁၉ | ၁၆ | ၁၉ | ၅၄ | |
| ၄ | မန္တလေး | ၁၅ | ၂၀ | ၂၈ | ၆၃ | |
| ၅ | ကချင် | ၁၄ | ၉ | ၁၆ | ၃၉ | |
| ၆ | တနင်္သာရီ | ၁၄ | ၆ | ၁၁ | ၃၁ | |
| ၇ | ဧရာဝတီ | ၁၁ | ၂၄ | ၂၅ | ၆၀ | |
| ၈ | မကွေး | ၁၁ | ၉ | ၁၅ | ၃၅ | |
| ၉ | ကရင် | ၆ | ၆ | ၂၄ | ၃၆ | |
| ၁၀ | ပဲခူး | ၅ | ၁၉ | ၂၂ | ၄၆ | |
| ၁၁ | မွန် | ၄ | ၉ | ၈ | ၂၁ | |
| ၁၂ | နေပြည်တော် | ၄ | ၄ | ၈ | ၁၆ | |
| ၁၃ | ရခိုင် | ၃ | ၁၁ | ၁၃ | ၂၇ | |
| ၁၄ | ချင်း | ၂ | | ၆ | ၈ | |
| ၁၅ | ကယား | ၁ | ၄ | ၅ | ၁၀ | |
| | စုစုပေါင်း | ၁၉၆ | ၁၉၆ | ၂၆၂ | ၆၅၄ | |

# မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှုဆင့်ပွားသင်တန်းဖွင့်



**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၌ မီးဘေးလုံခြုံရေး အထူးကျွမ်းကျင်မှု ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၁၆ ရက်က ဗဟိုမီးသတ်စခန်း (ချမ်းအေးသာစံမြို့နယ်)၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းက အမှာစကားပြောကြားပြီး သင်တန်းတွင် မီးဘေးအန္တရာယ်အကြောင်းနှင့် အထပ်မြင့်အဆောက်အဦ မီးဘေးလုံခြုံရေး ဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် အနာဂတ်စိန်ခေါ်မှုများ၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စသည်များနှင့်ပတ်သက်၍ မန္တလေးခရိုင်နှင့် ပြင်ဦးလွင်ခရိုင်အတွင်းမှ အရာရှိ တပ်ဖွဲ့ဝင် ၂၅ ဦးတို့ကို ငါးရက်ကြာ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏ (၁၅)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ပြင်ပဥပဒေပညာရှင် အဖွဲ့ဝင် ၁၁ ဦးမှာ In Person ဖြင့် တက်ရောက်ပြီး ကျန်အဖွဲ့ဝင်လေးဦးမှာ Video Conferencing ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခင်အင်္ဂလိပ်ကိုလိုနီခေတ်၌ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် ဥပဒေများအနက် ကော်မရှင်က ဘာသာပြန်ဆိုရန် တာဝန်ရှိသည့် တည်ဆဲဥပဒေ စုစုပေါင်း ၈၁ ရပ်ရှိကြောင်း၊ ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေပုဒ်မ ၁၂ အရ ကော်မရှင်က မြန်မာဘာသာပြန်ဆို၍ အတည်ပြုအမိန့်ထုတ်ပြန်ကြေညာထားသော ဥပဒေများသည် မူလစာမူနှင့် အလားတူ အာဏာတည်မည်ဖြစ်ပြီး ထိုသို့ထုတ်ပြန်ကြေညာထားသော ဘာသာပြန်ဆိုချက်ပါ ဖော်ပြချက်တစ်ရပ်သည် မူလစာမူနှင့် ကွဲလွဲပါက အဆိုပါဖော်ပြချက်တစ်ရပ်နှင့်စပ်လျဉ်း၍ မူလစာမူကို အတည်ယူရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတံဆိပ်ခေါင်းအက်ဥပဒေ (The Myanmar Stamp Act)ကိုလည်း စာအုပ်အမှတ် (၁၅)အဖြစ် မကြာမီပုံနှိပ်ထုတ်ဝေနိုင်တော့မည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဥပဒေ ၆ ရပ်ဖြစ်သည့် The Bills of Lading Act (သင်္ဘောကုန်တင်တန်ဆာအက်ဥပဒေ)၊ The District Cesses Act (ခရိုင်ခိုင်ကြေးအက်ဥပဒေ)၊ The Religious Societies Act (ဘာသာရေးအသင်းအဖွဲ့များအက်ဥပဒေ)၊ The Obstructions in Fairways Act (ရေကြောင်းအတားအဆီးများအက်ဥပဒေ)၊ The Myanmar Territorial Force Act (မြန်မာနိုင်ငံပိုင်နက်နယ်မြေတပ်ဖွဲ့အက်ဥပဒေ)၊ The Evidence Act (သက်သေခံအက်ဥပဒေ) တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ပြီး ဘာသာပြန်ဆိုချက်များ တည့်မတ်မှန်ကန်စေရေးအတွက် အားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုစေလိုကြောင်း ပြောကြားသည်။





အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များက (**အပေါ်ပုံ**) တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးကို နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် "လှပသာယာပြည်မြန်မာ" ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။





## ဖိတ်ကြားထားသူများ တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကဲဖြတ်ဒိုင်အဖွဲ့များ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးကိုယ်စား ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားများ၏ စည်းလုံးညီညွတ်မှုများနှင့် ရိုးရာယဉ်ကျေးမှုများ၊ လွတ်လပ်ရေးကြိုးပမ်းမှု၏ ထင်ရှားသည့် သင်္ကေတ၊ နေရာဒေသများနှင့် လူပုဂ္ဂိုလ်များ စသည့် လွတ်လပ်ရေး၏အနှစ်သာရတို့ကို ပေါ်လွင်စွာ ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ရိုက်ကူးယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပေးကြသည့် ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ ရိုက်ကွင်း ရိုက်ကွက်၊ အယူအဆ၊ အလင်းအမှောင်၊ ဖော်ညွှန်းသည့်အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံ၏ အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ကြပါကြောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ဆန်းသစ်သည့်အနုပညာဖန်တီးမှုများနှင့်အတူ တွေ့မြင်ခဲ့ရပြီး ယခုကဲ့သို့ ဆုများ ချီးမြှင့်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုပြိုင်ပွဲတွင် မျိုးဆက်သစ်လူငယ်များလည်း ဝင်ရောက်ယှဉ်ပြိုင်လာကြသည့် အတွက် အထူးပင်ဝမ်းမြောက်မိပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ပြုလုပ်ခြင်းသည် မျိုးဆက်သစ်လူငယ်ဓာတ်ပုံပညာရှင်များ ပေါ်ထွက်လာစေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် ပြိုင်ပွဲတစ်ခုလည်း ဖြစ်ပါကြောင်း၊ ဓာတ်ပုံတစ်ပုံသည် စာလုံးပေါင်းတစ်ထောင်နှင့် ညီမျှသည်ဟု ဆိုကြပါကြောင်း၊ စာလုံးပေါင်းတစ်ထောင်ရေးပြီး ပြောရမည့်အစား ဓာတ်ပုံတစ်ပုံရိုက်၍ ပြသလိုက်ခြင်းသည် ပိုမိုထိရောက်မှုရှိသည်ဟု နားလည်ရပါကြောင်း၊ ထို့ကြောင့် ဓာတ်ပုံအနုပညာမှတစ်ဆင့် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ ချစ်စဖွယ်ကျေးလက်ဒေသအလှအပများကို သိရှိခံစားပြီး မိမိနိုင်ငံ၊ မိမိဒေသကို မြတ်နိုးတန်ဖိုးထားစိတ်များကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း သိရှိနားလည်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ လှပသာယာသည့် ပုံရိပ်များအနက်မှ ဓာတ်ပုံပြိုင်ပွဲဝင်များက ရိုက်ကူးပုံဖော်ပေးခဲ့ကြသည့် ဓာတ်ပုံကောင်းများကို နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များတွင် ဖော်ထုတ်ပြသပေးသွားမည်ဖြစ်ပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်များအနေဖြင့်လည်း နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက အကျိုးပြုသူများအဖြစ် ဂုဏ်ယူကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေး ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာ ပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု (၅) ဆုရရှိသည့် ဦးချမ်းသာ (မိတ္ထီလာ)၊ အထူးဆု(၃)ဆုရရှိသည့် ဦးကျော်နိုင်လင်း(လရိပ်ပြာ)နှင့် အထူးဆု(၂)ဆုရရှိသည့် ဦးစည်သူအောင် (နန်းတော်ရှေ့) တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က အထူးဆု(၁)ဆု၊ အထူးဆု(၄)ဆုနှင့် တတိယဆုတို့ရရှိသည့် ဦးချမ်းသာ(MDY)၊ ဒုတိယဆုရရှိသည့် ဦးဇာနည်ကိုကိုနှင့် ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက်(The Eagle) တို့အတွက် ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးမျိုးမင်းထိုက်(The Eagle)က ကျေးဇူးတင်စကား ပြောကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယခု **"လှပသာယာ ပြည်မြန်မာ"** ရောင်စုံဓာတ်ပုံပြိုင်ပွဲသို့ မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၆၃ ဦးက ဓာတ်ပုံပေါင်း ၅၉၉ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ပေါင် ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မီးဘေးအန္တရာယ် အသိပညာပေးခြင်းနှင့် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ပြုလုပ်သည်။



ဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြတ်ကိုကိုက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သတ်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းပြောကြားပြီး မီးသတ်ဆေးဘူး စနစ်တကျအသုံးပြုပုံ မီးငြိမ်းသတ်နည်း၊ မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ယာဉ်များဖြင့် ပူးပေါင်းလေ့ကျင့်ဆောင်ရွက်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့၌ ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကျင်းပ

**ချုံချင့် ဒီဇင်ဘာ ၁၆**

မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြူနီစီပယ်မြို့ ယွီကျုံးခရိုင် အစိုးရတို့ပူးပေါင်း၍ **"အနုပညာဖြင့် ပေါင်းစည်းဆက်သွယ်-မြန်မာပြည်မှ ချုံချင့်သို့"** ခေါင်းစဉ်ဖြင့် ပထမအကြိမ် မြန်မာ-တရုတ်(ချုံချင့်) ယဉ်ကျေးမှုဖလှယ်ပွဲကို ဒီဇင်ဘာ ၁၄ ရက်တွင် ချုံချင့်မြို့ရှိ အနုပညာပြဇာတ်ရုံ၌ ကျင်းပရာ အခမ်းအနား၌ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ချုံချင့်မြို့ ကောင်စစ်ဝန်ချုပ် ဦးကျော်ဇေယျာလင်းနှင့် ယွီကျုံးခရိုင် ဒုတိယမြို့တော်ဝန် Mr. Lai Liang တို့က အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

အခမ်းအနားသို့ ချုံချင့်မြူနီစီပယ်မြို့ စီးပွားရေးရာကော်မရှင် ညွှန်ကြားရေးမှူးချုပ် Mr. Zhang Yongwu ၊ ချုံချင့်နိုင်ငံခြားရေးရာဌာန၊ ယွီကျုံးနိုင်ငံခြားရေးရာဌာန၊ ချုံချင့်ယွီကျုံး ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကော်မတီနှင့် အခြားအစိုးရဌာနများမှ ကိုယ်စားလှယ်များနှင့် ပြည်ပကောင်စစ်ဝန်ချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဖိုးချစ် ဦးဆောင်သည့် မြန်မာ့သဘင်ပညာရှင် ၂၁ ဦးက မြန်မာ့ရိုးရာရုပ်သေးအက၊ နှစ်ပါးသွားအက၊ မြန်မာ့ကျောက်ဆည် ဆင်အက၊ ကျေးလက်အက၊ ဖျာပုံနန်းတွင်း ရာမာယဏဇာတ်နှင့် မြန်မာ့ရိုးရာ အတာသင်္ကြန်အက တို့ကို မြန်မာ့တူရိယာဆိုင်းဝိုင်းနှင့် အတူ ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တရုတ်ယဉ်ကျေးမှုအဖွဲ့မှလည်း ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေး

**စစ်တွေ ဒီဇင်ဘာ ၁၆**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်နှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်လှနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ရခိုင်ပြည်နယ်အစိုးရဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်နှင့်အညီ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရန် လိုအပ်ပါကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်စေဘဲ နိုင်ငံသူ၊ နိုင်ငံသားများနှင့် တိုင်းရင်းသားပြည်သူများအားလုံး မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကြီးတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍမှ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အားကြိုးမာန်တက် အစွမ်းကုန်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က အမှာစကားပြောကြားပြီး ရခိုင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့် ဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ရခိုင်၊ မရမာကြီး၊ခမွီးနှင့်သက် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များကို (ဝဲပုံ) ချီးမြှင့်ငွေများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရခိုင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံရှိ ခြံစည်းရိုးနှင့် ဂိတ်တံခါးပြုပြင်ခြင်းလုပ်ငန်း၊ ရုံးအဆောက်အအုံအမိုး၊ မျက်နှာကြက်ပျက်စီးမှုပြုပြင်ခြင်းလုပ်ငန်းနှင့် အခြားအထွေထွေ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒီဇင်ဘာလူထုအားကစားလ ဒုတိယပတ်စုပေါင်းလမ်းလျှောက်ပွဲ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ

**ပုသိမ် ဒီဇင်ဘာ ၁၆**

တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလအား လူထုလှုပ်ရှားအားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲကို ပြုလုပ်လျက်ရှိပြီး ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌လည်း စုပေါင်းလမ်းလျှောက်ပွဲကို ယမန်နေ့က ရွှေရုပ်တုအဝိုင်းရှေ့၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများပါဝင်ဆင်နွှဲခဲ့ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး ကိုးသိန်းအားကစားကွင်းတွင် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ၊ Physical Fitness dance များကို အတူတကွ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ ဒီဇင်ဘာလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၄၀၀၀ ကျော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များမှ စုစုပေါင်းအင်အား ၁၇၀၀၀ ကျော် တပျော်တပါး ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှု အီလက်ထရောနစ်သတင်းစနစ်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းစီမံခန့်ခွဲမှု အီလက်ထရောနစ် သတင်းစနစ် (Integrated eLMIS) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နန္ဒဝင်းက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ သက်ဆိုင်ရာ တာဝန်ရှိသူများက ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ဖြန့်ဖြူးခြင်းဆိုင်ရာ အရေးပါသော သဘောတရားများ၊ ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှု အီလက်ထရောနစ် သတင်းစနစ် (eLMIS) ဆိုင်ရာ အခြေခံအကြောင်းအရာများနှင့် အသုံးချနည်းလမ်းများ၊ ကာကွယ်ဆေးနှင့် ဆက်စပ်ဆေးပစ္စည်းများဆိုင်ရာ အချက်အလက်များ ထည့်သွင်းပုံနည်းလမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းဆိုင်ရာ အစီရင်ခံစာထုတ်ယူပုံနည်းလမ်းများကို နမူနာအချက်အလက်များ အသုံးချ၍ စာတွေ့လက်တွေ့ နည်းလမ်းများဖြင့် သင်ကြားပို့ချကြသည်။

အဆိုပါ ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှု အီလက်ထရောနစ်သတင်းစနစ် (eLMIS) ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တွင် ရန်ကုန်အနောက်ပိုင်းနှင့် တောင်ပိုင်းမှ မြို့နယ်များ၌လည်းကောင်း၊ ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တွင် ရန်ကုန်အရှေ့ပိုင်းနှင့် တောင်ပိုင်းမြို့နယ်များ၌လည်းကောင်း သင်တန်းပေး သင်ကြားပေးသွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများ၊ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် မြို့နယ် ၄၄ မြို့နယ်မှ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးများနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများနှင့် အအေးလမ်းကြောင်း တာဝန်ခံများ၊ နည်းပညာပံ့ပိုးကူညီသော CHAI အဖွဲ့မှ တာဝန်ရှိသူများနှင့် သင်တန်းတက်ရောက်သူများ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်မည်ဖြစ်သည်။ **အာကာလင်း**

# စိမ်းလန်းစိုပြည်သောကျောင်းဆု ယှဉ်ပြိုင်သည့် ကျောင်းများအား ကွင်းဆင်းစစ်ဆေးနိုင်ရေး ညှိနှိုင်းစည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး၌ သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆု ယှဉ်ပြိုင်သည့် ကျောင်း ၃၄ ကျောင်းအနက် ဆန်ခါတင်ရွေးချယ်မည့် ကျောင်းများကို နောက်ဆုံးအကြိမ် ကွင်းဆင်းစစ်ဆေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ (၃)၌ ပြုလုပ်သည်။

ဦးစွာ သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆုစိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက အမှာစကားပြောကြားပြီး သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆုစိစစ်ရွေးချယ်ရေးကော်မတီ အတွင်းရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုးက ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ခုနစ်ဖွဲ့၏ ကွင်းဆင်းစစ်ဆေးခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးသို့ သန့်ရှင်း၍စိမ်းလန်းစိုပြည်သော ကျောင်းဆုစိစစ်ရွေးချယ်ရေးကော်မတီဝင်များ၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ စုစုပေါင်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



*၁ကျောဖုံးမှ*

ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ မန်စီးတီးအသင်းသည် ဂီဗာဒီယိုလ်၏ သွင်းဂိုးဖြင့် နိုင်ပွဲရရှိရန် နီးစပ်ခဲ့သော်လည်း ပွဲချိန်ပြည့်ခါနီးတွင် ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်ခွင့်ပြုပေးခဲ့ရသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ရသည်။

မန်စီးတီးအသင်းသည် ယခုရှုံးပွဲကြောင့် ပရီမီယာလိဂ် ၁၆ ပွဲကစားပြီးချိန်တွင် ရှုံးပွဲ ငါးပွဲရှိလာပြီဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းသည် ပြိုင်ပွဲအရပ်ရပ် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ် ၁၁ ပွဲတွင် နိုင်ပွဲ တစ်ပွဲသာရရှိထားပြီး ရှုံးပွဲရှစ်ပွဲအထိ ရှိလာပြီဖြစ်သည်။ မန်ယူအသင်းအတွက် သွင်းဂိုးများကို ဖာနန်ဒက်စ်နှင့် ဒီယယ်လိုတို့က ပွဲချိန် ၈၈ မိနစ်နှင့် မိနစ် ၉၀ တို့တွင် သွင်းယူပေးခဲ့သည်။

ပရီမီယာလိဂ်ပွဲစဉ် (၁၆) မှ ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ချယ်ဆီးက ဘရန့်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ် ပွဲချိန်ပြည့်ခါနီးတွင် ချယ်ဆီးအသင်းမှ ခံစစ်ကစားသမား ကူကူရယ်လာ နှစ်ဝါတစ်နီဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ဆောက်သမ်တန်နှင့် စပါးအသင်းပွဲစဉ်တွင် စပါးအသင်းက ငါးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ **အောင်ဇော်**




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ ကြည့်ရှုအားပေးကြစဉ်။

❖ *ကျောဖုံးမှ*

ထို့ပြင် **အမျိုးသား ထိုက်ချီချွမ်ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးမှ ကောင်းသုတက ပထမ၊ ပဲခူးတိုင်းဒေသကြီးမှ ခေတ်မင်းခန့်က ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ လွှမ်းထက်အောင်က တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး ထိုက်ချီချွမ်ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ နဒီမြင့်မိုရ်အောင်ကပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဖူးဝေကိုက ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ သက်လမင်းနွေးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ယှဉ်ပြိုင်ကစား**

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဘော်လီဘောရုံ၌ ကျင်းပရာ **အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင်** ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို ၃ ပွဲ – ၁ပွဲ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း၊ **အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်** ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းကို ၃ ပွဲ – ၁ ပွဲ၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အသင်းကို ၃ ပွဲပြတ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနအသင်းကို ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း TC–1 ကရာတေးရုံ၌ ကျင်းပရာ **အမျိုးသား တစ်ဦးချင်း “ခတ” ပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ မင်းနိုင်ငြိမ်းက ပထမ၊ ကယားပြည်နယ်မှ နိုင်လင်းထွဋ်က ဒုတိယ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပိုင်သက်ထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဘုန်းမြတ်ပိုင်စိုးတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီးတစ်ဦးချင်း “ခတ” ပြိုင်ပွဲတွင်** ကယားပြည်နယ်မှ မျိုးရတနာဦးက ပထမ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကြည်နူးကမ္ဘေကျော်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ ဆုမြတ်သူနှင့် ကချင်ပြည်နယ်မှ လင်းစန္ဒာဌေးတို့က ပူးတွဲတတိယဆုကို လည်းကောင်း ရရှိခဲ့ကြသည်။

**အမျိုးသား အသင်းလိုက် “ခတ”ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးအသင်းက ပထမ၊ ရှမ်းပြည်နယ်အသင်းက ဒုတိယ၊ ကချင်ပြည်နယ်အသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အသင်းတို့က ပူးတွဲ တတိယဆုကိုလည်းကောင်း၊ **အမျိုးသမီး “ခတ” ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ပထမ၊ ရန်ကုန်တိုင်းဒေသကြီး အသင်းက ဒုတိယ၊ ရှမ်းပြည်နယ် အသင်းနှင့် ကယားပြည်နယ် အသင်းတို့က ပူးတွဲတတိယဆုကို လည်းကောင်း၊ **အမျိုးသမီး ၆၁ ကီလိုအထက် “ကုမိတဲ့” ပြိုင်ပွဲတွင်** မကွေးတိုင်းဒေသကြီးမှ ပန်းအိဖြူက ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ အိအိမိုးက ဒုတိယ၊ ကယားပြည်နယ်မှ ခရစ္စတင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဆောင်းနှင်းဖြူတို့က ပူးတွဲ တတိယဆုကို လည်းကောင်း၊ **အမျိုးသား ၅၅ ကီလိုအောက် “ကုမိတဲ့” ပြိုင်ပွဲတွင်** ရန်ကုန်တိုင်းဒေသကြီးမှ အာကာဗိုလ်က ပထမ၊ ရှမ်းပြည်နယ်မှ ဖွဲ့ထက်အောင်က ဒုတိယ၊ မန္တလေးတိုင်းဒေသကြီးမှ နိုင်သိန်ရှင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်တို့က ပူးတွဲတတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C) ရုံ၌ ကျင်းပရာ **အမျိုးသား/အမျိုးသမီး ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ ဒုတိယအကျော့** ပွဲစဉ်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အားကစားသမားများကဝင်ရောက် ယှဉ်ပြိုင်ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး ဘိလိယက်နှင့်စနူကာပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**ဆုပေးအပ်ချီးမြှင့်**

**ပြည်နယ်နှင့် တိုင်းဒေသကြီး ဘိလိယက်နှင့် စနူကာပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဘိလိယက်ရုံ၌ ကျင်းပရာ **စနူကာ 6 – Red** တစ်ဦးချင်း ပြိုင်ပွဲ၊ စနူကာ 6–Red နှစ်ယောက်တွဲ ပြိုင်ပွဲ၊ 9 Ball Pool တစ်ဦးချင်း ပြိုင်ပွဲ၊ 9 Ball Pool နှစ်ယောက်တွဲ ပြိုင်ပွဲ ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**စနူကာ 15 – Red တစ်ဦးချင်း ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** မကွေးတိုင်းဒေသကြီးမှ ကျော်ဝေယံစိုးက ကချင်ပြည်နယ်မှ သက်ပိုင်ထက်ကို ၃ ပွဲပြတ်၊ ကရင်ပြည်နယ်မှ မျိုးသူရအောင်က ဧရာဝတီတိုင်းဒေသကြီးမှ စိုးမိုးကို ၃ပွဲပြတ်၊ ကရင်ပြည်နယ်မှ သက်မှူးကြည်လှိုင်က ဧရာဝတီတိုင်းဒေသကြီးမှ ရဲထွဋ်ဦးကို ၃ ပွဲပြတ်၊ မကွေးတိုင်းဒေသကြီးမှ ကောင်းချာန်ထက်က ရန်ကုန်တိုင်းဒေသကြီးမှ ကိုကိုအောင်ကို ၃ပွဲ – ၁ပွဲ ဖြင့် လည်းကောင်း၊ **ဘိလိယက်နှစ်ယောက်တွဲကွာတားဖိုင်နယ်ပွဲစဉ်တွင်** ဧရာဝတီတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ ပွဲပြတ်၊ ကချင်ပြည်နယ် အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၃ ပွဲ–၁ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၃ပွဲ – ၁ပွဲဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

**စနူကာ 15 – Red နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင်** ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၃ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို ၃ ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို ၃ ပွဲ– ၁ပွဲ၊ မကွေးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၃ပွဲ – ၁ပွဲဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပရာ **အမျိုးသား တင်းနစ်ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ၃ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၃ပွဲ – ၁ပွဲ ဖြင့် လည်းကောင်း၊ **အမျိုးသမီး စားပွဲတင်တင်းနစ် ပြိုင်ပွဲတွင်** မွန်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၃ပွဲ –၂ ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီး အသင်းကို ၃ ပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

*စာမျက်နှာ ၁၃ သို့*



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၁၂ မှ*

ပြည်နယ်နှင့် တိုင်းဒေသကြီး **အသက် (၂၁) နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း (၃/၄) ၌ ယှဉ်ပြိုင်ကစားကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ဧရာဝတီ တိုင်းဒေသကြီးအသင်းကို ၂ဂိုး-၁ဂိုး၊ မန္တလေးတိုင်းဒေသကြီး အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို ၇ ဂိုး - ၆ ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များကို** ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်း တို့၌ ယှဉ်ပြိုင်ကစားကြရာ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို ၂ ဂိုး - ၁ ဂိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းကို ၃ ဂိုး - ဂိုးမရှိ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ၁ ဂိုး - ဂိုးမရှိ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက ကာကွယ်ရေးဝန်ကြီးဌာနအသင်းကို ၇ဂိုး - ၅ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဖူဆယ်ပြိုင်ပွဲ ပထမအဆင့် ရှုံးထွက်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်းဖူဆယ်ရုံ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းက အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းကို ၄ ဂိုး- ၁ ဂိုး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာန အသင်းကို ၇ ဂိုး- ၁ ဂိုး၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၄ ဂိုး - ၂ ဂိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို ၉ဂိုး-၁ဂိုးဖြင့်အနိုင်ရရှိခဲ့ကြသည်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားအလေးမပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

**ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ပိုက်ကျော်ခြင်း သုံးယောက်တွဲ ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို** ဝဏ္ဏသိဒ္ဓိအားကစားကွင်း(A) ရုံ၌ ကျင်းပရာ **အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင်** ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက ပြည်ထဲရေးဝန်ကြီးဌာန အသင်းကို ၂ ပွဲ - ၁ ပွဲ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို ၂ ပွဲ - ၁ပွဲ၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီး ဌာနအသင်းကို ၂ ပွဲပြတ်၊ **အမျိုးသားသုံးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင်** အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အသင်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းကို ၂ ပွဲပြတ်၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေး ဝန်ကြီးဌာန အသင်းကို ၂ ပွဲပြတ် ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး **အသင်းလိုက် တင်းနစ်ပြိုင်ပွဲ** ဆီမီးဖိုင်နယ်ပွဲစဉ်များကို တင်းနစ်ကွင်း(ဗဟို)၌ကျင်းပရာ **အမျိုးသား တင်းနစ်ပြိုင်ပွဲတွင်** ကရင်ပြည်နယ် အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို ၂ ပွဲ - ၁ ပွဲ၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ **အမျိုးသမီး တင်းနစ်ပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကရင်ပြည်နယ်အသင်းကို ၂ ပွဲပြတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး **အလေးမပြိုင်ပွဲကို** ဝဏ္ဏသိဒ္ဓိ အားကစားကွင်း အလေးမပြိုင်ပွဲ ရုံ၌ကျင်းပရာ **အမျိုးသား ၈၁ ကီလိုတန်းပြိုင်ပွဲတွင်** ရှမ်းပြည်နယ်မှ ခွန်မောင်ခင်က ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ နိုင်ရွှေထက်က ဒုတိယ၊ ရန်ကုန်တိုင်းဒေသကြီးမှ နေလင်းဦးက တတိယ၊ **အမျိုးသား ၈၉ ကီလိုတန်းပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီးမှ ခိုင်မျိုးဦးက ပထမ၊ ဧရာဝတီတိုင်းဒေသကြီးမှ ဖြိုးဝေလင်းက ဒုတိယ၊ မကွေးတိုင်းဒေသကြီးမှ ဝင်းသက်ထူးက တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့်အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်းအလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် အားကစားဝါသနာရှင်ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။ **သတင်းစဉ်**



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဝူရှူးပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်နေမှုကို ပရိသတ်များ တစ်ခဲနက် ကြည့်ရှုအားပေးကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်မှုမြင်ကွင်း





ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များ တစ်ခဲနက်ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးရိုးရာခြင်းလုံးခတ်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်ဘောလုံးပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး စားပွဲတင်တင်းနစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး ဘီလိယက်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။





ပြည်နယ်နှင့် တိုင်းဒေသကြီး ကရာတေးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေမှုကို ပရိသတ်များက ကြည့်ရှုအားပေးစဉ်။

# စည်းကမ်းတကျနဲ့ စိတ်ဓာတ်ကောင်းပြီး ခံယူချက်ပြင်းထန်တဲ့ အားကစားသမားတွေ ဖြစ်လာပြီဆိုရင် ကျွန်မတို့မီခဲ့ဖူးတဲ့ ရွှေခေတ်ကို တစ်ကျော့ပြန်ရဖို့ အသေအချာပါပဲ . . .

**နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၁၅)ဆုရှင် မြန်မာ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ဒေါ်ဂျနီဖာတင်လေး**

**မေး။ ။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ကျင်းပရတဲ့အပေါ် ဆရာမကြီးရဲ့အမြင်ကို သိပါရစေ။**

ဖြေ။ ။ လူငယ်တွေအတွက် သိပ်ကိုကောင်းမွန်ပါတယ်။ အားကစားပြိုင်ပွဲတွေကနေ လူငယ်တွေ အားကစားကို ဝါသနာပါလာအောင်၊ အားကစားကို လေ့လာအောင် အခုလို ပြိုင်ပွဲတွေလိုအပ်ပါတယ်။

**မေး။ ။ ဆရာမကြီးရဲ့ အားကစားမှတ်တိုင်တွေကိုလည်း ပြောပေးပါဦး။**

ဖြေ။ ။ ကျွန်မက သံလုံး၊ သံပြား၊ လှံတံ၊ ဘော်လီဘောတွေ ကစားခဲ့ဖူးပါတယ်။ သံလုံး၊ သံပြားပစ်မှာ ရွှေတံဆိပ်ဆု ၁၅ ခုနဲ့ ဘော်လီဘောမှာ ရွှေတံဆိပ်တစ်ခု၊ ငွေနှစ်ခု ရခဲ့ဖူးပါတယ်။ ဖိလစ်ပိုင်မှာ ကျင်းပတဲ့ ကျွန်းဆွယ်ပြိုင်ပွဲမှာ ဂေါက်သီးနဲ့လိုက်ပြီး ကစားခဲ့ပါတယ်။ ကျွန်မမှာ မောင်နှမ ခြောက်ယောက်ရှိပါတယ်။ အိမ်က ကျွန်မညီမအငယ်ဆုံးက ဂျူဒို ကစားပါတယ်။ သူက ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခုရထားတဲ့ ခရစ္စတင်းတင်လေးပါ။

**မေး။ ။ အားကစားလောကမှာ ဆရာမကြီးတို့ခေတ်နဲ့ အခုခေတ် ကွာခြားချက်တွေကိုလည်း သိပါရစေ။**

ဖြေ။ ။ ခေတ်မတူတော့တဲ့ အားကစားလောကမှာ ကွာခြားချက်ကတော့ အများကြီးရှိပါတယ်။ အခုခေတ်က တော်တော်လေး တိုးတက်လာတယ်။ ကစားသမားတွေကို အလွန်အားပေးမြှောက်စားလာတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ အားမရတာက ကစားသမားတွေကိုပါ။ ကစားသမားတွေက စိတ်ဓာတ်မရှိဘူးလို့ ပြောရင်လည်း သူတို့က စိတ်ဆိုးမယ်။ မတူဘူးပေါ့။ ကျွန်မတို့တုန်းက ဘာမှမရဘူး။ စိတ်ဓာတ်ရယ်၊ ပင်ကိုအားကစားရဲ့အရည်အချင်းပဲရှိတယ်။ အဲဒီလို စိတ်ဓာတ်နဲ့ အရည်အချင်းရှိသူ များတယ်။ လုပ်မယ်၊ ကိုင်မယ် ဘယ်လောက်ခက်ခဲမလဲ ဖြစ်အောင်လုပ်မယ်။ အဲဒီစိတ်ဓာတ်က အပြည့်ရှိတယ်။ အခုကလေးတွေကို နိုင်ငံတော်ကရော၊ အဖွဲ့ချုပ်တွေကရော ပံ့ပိုးမှု အများကြီးပေးပါတယ်။ ကျွန်မတို့နဲ့စာရင် အများကြီးကံကောင်းကြတယ်။ ဒါပေမယ့် ကျွန်မတို့တုန်းကလောက် စိတ်ဓာတ်မပြင်းပြကြဘူးလို့ မြင်တယ်။ အားကစားလောကမှာ လိုချင်စိတ်၊ နာခံစိတ်၊ စည်းကမ်းတို့က အရေးကြီးဆုံးပဲ။ ကိုယ်လုပ်ရင် ကိုယ်ရမယ်ဆိုတာလည်း မပြတ်နှလုံးသွင်းထားရမယ်။ နည်းပြဘယ်လောက်ပြောပြော ကိုယ်တိုင်ကမလိုက်ပါရင် ဘာမှရမလာနိုင်ပါဘူး။ စည်းကမ်းနဲ့နေ၊ စည်းကမ်းနဲ့စား၊ စည်းကမ်းနဲ့သွား၊ စည်းကမ်းနဲ့လေ့ကျင့်ရင် မတော်တဆမှု အတော်များများ၊ ရသင့်တဲ့အခွင့်အရေးဆုံးရှုံးတာမျိုး အတော်များများကို ကျော်လွှားနိုင်မှာပါ။ အခုနောက်ပိုင်း အချို့က လုပ်ချင်ရာလုပ်ကြတယ်၊ အွန်လိုင်းတွေ နေ့နေ့ညည ကြည့်ကြတယ်။ အိပ်ရာထချိန်၊ ဝင်ချိန်မမှန်ဘူး။ ဒါဆိုရင် ပျက်စီးခြင်းရဲ့ အစပဲ။ ကျွန်မတို့တုန်းက အောင်ဆန်းကွင်းမှာ နေကြရတယ်။ အောင်ဆန်းကွင်းပတ်လည်က ထမင်းဆိုင်တွေမှာ ကိုယ့်စရိတ်နဲ့ကိုယ်စား၊ ည ၈ နာရီကျော်ရင် အိပ်ရာထဲရောက်နေကြပြီ။ စည်းကမ်းရှိသရွေ့ အမှားကင်းတယ်။

**မေး။ ။ ဆရာမကြီးအနေနဲ့ စံချိန်သစ်တင်တဲ့အခါ၊ စံချိန်တွေ ထပ်ခါထပ်ခါ ချိုးနိုင်အောင် ကြိုးစားတဲ့အခါ ဘယ်လိုစိတ်ထားမျိုးနဲ့ ကြိုးစားခဲ့သလဲ၊ လေ့ကျင့်မှုတွေကိုရော ဘယ်လိုလုပ်ဆောင်ခဲ့သလဲ။**

ဖြေ။ ။ ကျွန်မကြိုးစားမှုကဘာလဲဆိုရင် ၁၉၆၅ ခုနှစ် ပထမဆုံး မလေးရှားမှာ နိုင်ငံတကာပြိုင်ပွဲသွားတယ်။ အဲဒီမှာ ကျွန်မ ပထမဆုံး အရှုံးကို ရင်ဆိုင်ရတယ်။ ဒီမှာတုန်းက အနိုင်ပွဲတွေချည်းပဲ၊ ဟိုရောက်မှ ရှုံးတာ။ ပြိုင်ပွဲကအပြန် နိုင်ငံကလူကြီးတွေက ဆုရတဲ့သူနဲ့ ဆုမရတဲ့သူကို ကြိုဆိုတဲ့အခါ နွေးထွေးမှုကလည်း တအားကွာတယ်လို့ ခံစားရတယ်။ ဟုတ်မဟုတ်တော့မသိဘူးပေါ့၊ ကိုယ်တိုင်က ထင်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ အဲဒီမှာ မခံချင်စိတ်နဲ့ တောက်လျှောက်ကြိုးစားပါတယ်။ ၂၃ နှစ် တောက်လျှောက်ကြိုးစားပြီး ရွှေတံဆိပ် ၁၅ ခုရခဲ့တာပါ။ ကျွန်မတို့တုန်းက ဂျာမန်နည်းပြ သုံးယောက်က သေသေချာချာ လာသင်ပေးတယ်။ သူတို့က အင်မတန်မှ စည်းစနစ်ကျတယ်။ စည်းကမ်းအင်မတန်ရှိတဲ့ နည်းပြတွေလို့ဆိုရမယ်။

**မေး။ ။ လက်ရှိလူငယ်တွေ အားကစားသမားတွေကို အကြံဉာဏ်ပေးမယ်၊ ပညာပေးရမယ်ဆိုရင် ဆုံးမစကားလေး ပြောကြားပေးပါဦး။**

ဖြေ။ ။ နာခံမှုရှိပါ၊ ကြိုးစားပါ။ တိုင်းပြည်က ကိုယ့်ကိုမွေးထားတယ်၊ ကိုယ့်အတွက် ကုန်ကျစရိတ်တွေ အများကြီးရှိတယ်။ ကိုယ်က ဘာနဲ့ပြန်ပေးဆပ်မလဲ၊ နိုင်ငံကို ဘယ်လိုကျေးဇူးဆပ်မလဲ အသိစိတ်ဓာတ်ကို အမြဲတွေးပါလို့ ပြောချင်ပါတယ်။

**မေး။ ။ ဆရာမကြီးအနေနဲ့ အရင်က သံလုံးပစ်၊ သံပြားပစ်၊ အဲဒီနောက်မှာ ဘော်လီဘောလည်း ပုတ်တယ်၊ ဂေါက်သီးလည်း ရိုက်တယ်ဆိုတော့ အကြိုက်ဆုံးနဲ့ ကိုယ့်ကိုယ်ကိုယ် နှစ်သက်အားရမှု အရှိဆုံး အားကစားနည်းကိုလည်းပြောပြပေးပါဦး။**

ဖြေ။ ။ ဘော်လီဘောကစားနည်းက ကျွန်မရဲ့ အကြိုက်ဆုံးကစားနည်းပဲ။ ထူးခြားတာက လက်ရွေးစင်ဖြစ်တော့ တစ်နှစ်တည်းမှာ နှစ်ခုစုံဖြစ်တယ်။ ဘော်လီဘောနဲ့ သံလုံးပစ်။ အား/ကာက ဆရာဦးထွန်းမြတ်အောင်က **"နင် သံလုံးသွားပစ်ပါ။ ဘော်လီဘောမှာက နင်သာပြန်လာရင် အချိန်မရွေး ပြန်ခေါ်ပေးမယ်"** ဆိုတဲ့ ကတိပေးတာကြောင့် သံလုံးပစ်ဘက်ကို ရောက်သွားခဲ့ရတာ။ တစ်ခုခုကို ကိုယ့်သဘောနဲ့ကိုယ်ရွေးချယ်ဆိုရင်တော့ ကျွန်မက ဘော်လီဘောပဲရွေးမှာ။

**မေး။ ။ လက်ဦးဆရာတွေကိုလည်း ပြောပြပေးပါဦး။**

ဖြေ။ ။ ဒေါ်ခင်ဌေး၊ ဒေါ်ခင်ထွေး၊ မဂရေ့စ်တို့က ကျွန်မရဲ့ လက်ဦးဆရာတွေ။ မဂရေ့စ်က အလျားခုန်၊ အန်တီဌေးက သံပြားပစ်၊ အန်တီထွေးက သံလုံးနဲ့ လှံတံပစ်ဆရာတွေ ဖြစ်ပါတယ်။ သူတို့တွေအပြင် ဒေါ်လီလီကြာညွန့်ပေ့ါ။ သူက ကျွန်မတို့ခေတ်ရဲ့ စီနီယာပါ။

**မေး။ ။ အမျိုးသားအားကစားပွဲတော်မှာ ဘယ်လိုပါဝင်အားဖြည့်ထားပါသလဲ။**

ဖြေ။ ။ ဒီပွဲတော်ကြီးမှာ ကျွန်မအနေနဲ့ ဒိုင်အဖြစ် ပြေးခုန်ပစ်ရွေးချယ်ရေးကော်မတီမှာပါသလို အကြံဉာဏ်ပေးတာတွေနဲ့ ကူညီပံ့ပိုးပါတယ်။ ကလေးတွေ ယှဉ်ပြိုင်တဲ့အခါ သံလုံး၊ သံပြားပစ်ကြရင် ဘယ်လိုပစ်၊ ဘယ်လိုဆော့ဖို့ မြင်သလောက် အကြံပေးတယ်၊ စနစ်မှန်မျှဝေပေးတယ်။

**မေး။ ။ လူငယ်တွေ အားကစားလုပ်ခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေရမလဲ၊ နိုင်ငံတော်နဲ့ ပြည်သူကရော အားကစားမှာ လူငယ်တွေ စိတ်ပါဝင်စားလာဖို့ ဘယ်လို စည်းရုံးသင့်တယ်လို့ထင်ပါသလဲ။**

ဖြေ။ ။ ပွဲများများလုပ်စေချင်တယ်။ ရပ်ကွက်၊ မြို့နယ်အစပေ့ါ။ တစ်နာရီ အားကစားလုပ်ဖြစ်ရင် လူငယ်တွေ အွန်လိုင်းသုံးဖို့ တစ်နာရီလျော့မယ်၊ မူးယစ်၊ အရက်စွဲဖို့ ခက်သွားမယ်၊ အားကစားလုပ်ရင် ဒါတွေရှောင်ရမှာလေ။ ကျောင်းတွေမှာလည်း အားကစားကို အားပေးဖို့လိုတယ်။ မိဘတွေအနေနဲ့လည်း ကလေးတွေကို အားကစား လုပ်စေချင်တယ်။ တချို့မိဘတွေက စာကိုပဲ ဦးစားပေးတယ်၊ အားကစားလုပ်ခိုင်းဖို့ မိဘတွေကိုလည်း တိုက်တွန်းချင်ပါတယ်။



နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်(၁၅)ဆုရှင် မြန်မာ့ဂုဏ်ဆောင် ပြေးခုန်ပစ်အားကစားမယ် ဒေါ်ဂျနီဖာတင်လေး

**မေး။ ။ အားကစားလောကဖွံ့ဖြိုးတိုးတက်ပြီး မျိုးဆက်သစ်တွေ အောင်မြင်မှုကိုရရှိနိုင်ဖို့ နိုင်ငံတော်အနေနဲ့ ဘယ်လိုဖြည့်ဆည်းပေးသင့်တယ်လို့ မြင်ပါသလဲ။ လက်ရှိဖြည့်ဆည်းပေးမှုအပေါ်ကိုရော ဘယ်လိုမြင်ပါသလဲ။**

ဖြေ။ ။ မြို့နယ်၊ ခရိုင် အားကစားမှူးတွေက ပွဲလေးတွေလုပ်ပြီး စည်းရုံးဖို့လိုတယ်။ ပြည်နယ်နဲ့တိုင်း ပထမရတဲ့သူတွေကို ခေါ်ပြီး သင်ပေးဖို့လုပ်ရမယ်။ အားကစားရုံတွေ ဖွင့်ပေးဖို့လိုတယ်။ ဒီနေရာမှာ မြို့နယ်အားကစားမှူးတွေရဲ့ အခန်းကဏ္ဍက လိုအပ်တယ်။ ရုံးကိစ္စတွေနဲ့ သူတို့ရဲ့အခက်အခဲကို နားလည်ပေမယ့် အားကစားရုံတွေ ပိတ်ပြီး ခြတက်ခံမလား၊ ဖွင့်ပြီး မျိုးဆက်သစ်တွေကို မွေးထုတ်မလား ဒါကို စဉ်းစားရမယ်။ ကလေးတွေ ဒီအဖွဲ့လာကစား၊ ပြီးရင် ရန်ပုံငွေအဖွဲ့လေးကို ရပ်မိရပ်ဖတွေနဲ့ တိုင်ပင်ဖွဲ့စည်း၊ သက်သာတဲ့နှုန်းနဲ့ ရန်ပုံငွေယူပြီး ရတဲ့ငွေလေးတွေနဲ့ သန့်ရှင်းရေးလုပ်မယ်၊ ကွင်းအတွက် ထိန်းသိမ်းစောင့်ရှောက်ဖို့ငွေရတယ်။ ရွာဝတီကို ဘော်လီဘောစည်းရုံးရေးသွားတော့ ကွင်းမရှိဘူးပြောတယ်၊ ကိုးသိန်းကွင်းကြီးရှိတယ်၊ ပိတ်ထားတာ မြင်ရတယ်။ ဒါကြောင့် စည်းရုံးရေးနဲ့သွားရင် ရနိုင်မယ်ထင်ပါတယ်။ လောလောဆယ်ပြောရရင် အောင်ဆန်းကွင်းမိုးလုံလေလုံ ပိတ်ထားတာ အတော်ကြာပြီ။ ကျွန်မတို့ ဘော်လီဘော ချစ်သူတွေက မီးတွေပြင် ဘာညာလုပ်ပေးပြီး ဆော့ခွင့်တောင်းရတယ်။ ကျွန်မတို့ကစားတော့ ကလေးတွေကို စည်းရုံးတယ်၊ လာကစားကြဖို့ ခေါ်ကြတော့ ကလေး ၅၀ လောက်ရောက်လာကြတယ်။ အတူဆော့ပြီး အားလုံးပျော်ကြတယ်။ အားကစားကွင်းမှ မဟုတ်ပါဘူး။ အားကစားမှူးတွေက ဘယ်နေရာမှာ နေရာလွတ်မလဲ၊ ဘယ်လို နေရာရှာပေးကြမလဲ ဒါတွေကို လုပ်ပေးပါ၊ ကွင်းရှာပေးကြပါ။

ဒါက နိုင်ငံတော်ကို မလုပ်ပေးဘူးလို့ပြောတာ မဟုတ်ဘူးနော်၊ အခုနောက်ပိုင်းမှာ ထူးချွန်တဲ့အားကစားသမားကို နိုင်ငံတော်က ဘယ်လိုပံ့ပိုးနေတယ်ဆိုတာ အားလုံးသိပြီးသားပဲ။ ဘွဲ့တွေပေးတယ်၊ ဆုတွေချတယ်၊ ဘဝအာမခံချက်တွေပေးတယ်။ အဲဒီလိုတော့ ထင်ထင်ရှားရှားမြင်တွေ့ရတယ်။ ထူးချွန်သူတွေကို ချီးမြှင့်မြှောက်စားသလို နောင်မျိုးဆက်သစ်ကိုလည်း ဖော်ထုတ်ပေးဖို့လိုတာလေးတွေကို အကြံပြုတာပါ။ ကလေးတွေဘက်ကိုတော့ ကျွန်မ သိပ်အားမရဘူး။ လေ့ကျင့်မှုကို အားမရတာမဟုတ်ဘူးနော်၊ စိတ်ဓာတ်နဲ့ခံယူချက်ကို အားမရတာ။ စည်းကမ်းတကျနဲ့ စိတ်ဓာတ်ကောင်းပြီး ခံယူချက်ပြင်းထန်တဲ့အားကစားသမားတွေ ဖြစ်လာပြီဆိုရင် ကျွန်မတို့မီခဲ့ဖူးတဲ့ ရွှေခေတ်ကို တစ်ကျော့ပြန်ရဖို့ အသေအချာပါပဲ။

◆ ခေတ်မတူတော့တဲ့ အားကစားလောကမှာ ကွာခြားချက်ကတော့ အများကြီးရှိပါတယ်။ အခုခေတ်က တော်တော်လေး တိုးတက်လာတယ်။ ကစားသမားတွေကို အလွန်အားပေးမြှောက်စားလာတယ်။ ဒါပေမယ့် ကျွန်မအနေနဲ့ အားမရတာက ကစားသမားတွေကိုပါ။ ကစားသမားတွေက စိတ်ဓာတ်မရှိဘူးလို့ ပြောရင်လည်း သူတို့က စိတ်ဆိုးမယ်။ မတူဘူးပေါ့။ ကျွန်မတို့တုန်းက ဘာမှမရဘူး။ စိတ်ဓာတ်ရယ်၊ ပင်ကိုအားကစားရဲ့အရည်အချင်းပဲရှိတယ်။ အဲဒီလို စိတ်ဓာတ်နဲ့ အရည်အချင်းရှိသူ များတယ်။ လုပ်မယ်၊ ကိုင်မယ် ဘယ်လောက်ခက်ခဲမလဲ ဖြစ်အောင်လုပ်မယ်။ အဲဒီစိတ်ဓာတ်က အပြည့်ရှိတယ်။ အခုကလေးတွေကို နိုင်ငံတော်ကရော၊ အဖွဲ့ချုပ်တွေကရော ပံ့ပိုးမှုအများကြီးပေးပါတယ်။ ကျွန်မတို့နဲ့စာရင် အများကြီးကံကောင်းကြတယ်။ ဒါပေမယ့် ကျွန်မတို့တုန်းကလောက် စိတ်ဓာတ်မပြင်းပြကြဘူးလို့ မြင်တယ်။ အားကစားလောကမှာ လိုချင်စိတ်၊ နာခံစိတ်၊ စည်းကမ်းတို့က အရေးကြီးဆုံးပဲ

တွေ့ဆုံမေးမြန်း - ခင်ရတနာ၊ ဓာတ်ပုံ - ဟိန်းဇင်မျိုး

# ၁၂ ရာသီ စိုက်ပျိုးထုတ်လုပ်နိုင်သော Green House စနစ်ကို ပုဂ္ဂလိကနှင့် သမဝါယမစနစ်တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်ခြင်း

**၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်ကနေ နိုဝင်ဘာလ ၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို စာရေးသူ တက်ရောက်ခဲ့ရာမှာ လေ့လာရေးခရီးစဉ်တွေလည်း သွားရောက်ခွင့်ရရှိခဲ့ပါတယ်။ အောက်တိုဘာ ၃၀ ရက်မှာ Lixian မြို့နယ်ရှိ လောင်းတူ (Longtou)ကျေးရွာကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီကျေးရွာဟာ ခရီးသွားအချက်အချာကျတဲ့နေရာမှာ တည်ရှိပြီး သဘာဝအရင်းအမြစ်တွေ၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ ကျော်ကြားတဲ့နေရာတစ်ခုဖြစ်ပါတယ်။**

ခန့်ဇော် (ကျေးလက်)





Siji Yangkun Agricultural Technology Development Co.,Ltd. ၏ Green House စိုက်ခင်းများနှင့် သီးနှံပင်များ။

လောင်းတူ(Longtou)ကျေးရွာဟာ လယ်ယာစက်မှုဇုန်နဲ့ ယဉ်ကျေးမှုခရီးသွားဇုန်အကြား ပန်ဆိုင်လမ်း ပေကျင်းဒေါ့ရှင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ၅ ဒသမ ၅ မိုင်အကွာမှာ တည်ရှိကာ အကျယ်အဝန်းအနေနဲ့ ၅၇၇ ဧကခန့်ရှိပြီး အိမ်ထောင်စု ၃၂၀ စုစုပေါင်း နေထိုင်သူ ၁၀၈၃ ဦးရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လူအများနှစ်သက် မြတ်နိုးရတဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ထူးခြားတဲ့လက်မှုလုပ်ငန်းတွေကြောင့် ကျေးရွာကို လူသိများစေခဲ့တဲ့ အကြောင်းရင်းတစ်ချက်ဖြစ်ပြီး အဲဒီအားသာချက်တွေကို အပြည့်အဝအသုံးချကာ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်လို့ သတိပြုမိခဲ့ပါတယ်။

ဟိုတယ်တွေ၊ တို့ဟူးလုပ်ငန်းတွေ၊ ရိုးရာမီးအိမ်လုပ်ငန်းတွေ၊ ကျောက်သားကြိတ်ဆုံ အမှုန့်ကြိတ်လုပ်ငန်း (ရိုးရာနည်းလမ်းနဲ့ ဂျုံမှ မုန့်လုပ်ဖို့ အဆင့်ဆင့်ကို) စက်ကိရိယာတွေနဲ့ ပြုလုပ်တဲ့လုပ်ငန်း၊ ပန်းပွင့်ပုံလမုန့် ပြုလုပ်ရာမှာ အရောင်ပါရှိတဲ့ သဘာဝအသီးအရွက်တွေ အသုံးပြုပြီး အွန်လိုင်းမှ Livestreaming နဲ့ ရောင်းချတဲ့လုပ်ငန်းနဲ့ တရုတ်ရိုးရာ စက္ကူညှပ်လုပ်ငန်းတွေလို စက်မှုလက်မှုလုပ်ငန်းတွေ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ် လုပ်ငန်းတွေနဲ့ ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နေတာ တွေ့ရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေဖို့အတွက် ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်း၊ ဖျော်ဖြေရေးလုပ်ငန်းတွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ပေါင်းစပ်ပြီး ကဏ္ဍစုံပါဝင်တဲ့ စက်မှုလုပ်ငန်းပုံစံနဲ့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

ရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲတွေ၊ လက်မှုပစ္စည်းတွေထုတ်လုပ်မှုနဲ့ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု သမိုင်းကြောင်းတွေကို အသိပညာပေးမှု စတဲ့ ပြပွဲအခမ်းအနားတွေကြောင့် ၂၀၂၃ ခုနှစ်မှာ ခရီးသွား ၃၀၀၀ ကျော် လာရောက်စေဖို့ ဆွဲဆောင်နိုင်ခဲ့ပြီး ရင်မင်ဘီ ယွမ် ၃၀၀၀၀၀ ကျော် (အမေရိကန်ဒေါ်လာ ၄၃၀၀၀ ခန့်) ဝင်ငွေ တိုးမြှင့်စေခဲ့တယ်လို့ သိရှိရပါတယ်။ စာရေးသူဟာ Longtou village stone mill workshop၊ ပန်းပုံစံလမုန့်ထုတ်လုပ်မှုလုပ်ငန်းနဲ့ တရုတ်ရိုးရာ စက္ကူညှပ်လုပ်ငန်းတွေကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

အဲဒီကတစ်ဆင့် အကျယ်အဝန်းအနေနဲ့ ၂၄၆ ဧက ဝန်းကျင်ရှိပြီး အိမ်ထောင်စု ၁၃၁ စုနဲ့ နေထိုင်သူ ၃၇၄ ဦးရှိတဲ့ လီကျချန်ကျေးရွာ (Lijiachang) ကို သွားရောက်ခဲ့ရာ ၂၀၂၃ ခုနှစ်မှာ ကျေးရွာသားတွေရဲ့ နှစ်စဉ်တစ်ဦးချင်းဝင်ငွေဟာ ရင်မင်ဘီ ယွမ် ၃၂၈၀၀ (အမေရိကန်ဒေါ်လာ ၄၇၀၀ခန့်) ရှိတယ်လို့ သိရပါတယ်။ မူကြိုကျောင်းတစ်ကျောင်းနဲ့ စာသင်ကျောင်းတွေရှိပြီး စာဖတ်ခန်းတွေ၊ ယဉ်ကျေးမှုစင်တာတွေ၊ ကစားကွင်းတွေနဲ့ ပန်းခြံတွေ အများပြည်သူဆိုင်ရာ ခေတ်မီအဆောက်အအုံတွေလည်းရှိတာကို တွေ့ရပါတယ်။

"သာယာလှပတဲ့ ကျေးရွာ" ဖော်ဆောင်နိုင်စေဖို့ အခြေခံအဆောက်အအုံတွေ၊ သဘာဝပတ်ဝန်းကျင် သာယာလှပရေးနဲ့ အများပြည်သူပိုင် အဆောက်အအုံတွေ တိုးမြှင့်ဆောင်ရွက်ထားရှိတဲ့အပြင် စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျပြန်လည်အသုံးချနိုင်ဖို့ အမှိုက်အမျိုးအစားခွဲမှု၊ စုစည်းမှုနဲ့ စနစ်တကျ စွန့်ပစ်မှုစနစ်တွေ ဆောင်ရွက်ထားရှိတာကို တွေ့ရှိခဲ့ရပါတယ်။ မိလ္လာစနစ်၊ ရေဆိုးစွန့်ပစ်မှုစနစ်တွေကိုပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပြီး ယင်လုံအိမ်သာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လမ်းနဲ့ လမ်းဘေးဝဲယာဝန်းကျင်ကို သန့်ရှင်းသာယာ လှပစေဖို့အတွက် သစ်ပင်ပန်းမန်တွေ၊ လယ်ယာစိုက်ခင်းတွေနဲ့ စိမ်းလန်းစိုပြည်အောင် ဖန်တီးထားရှိတာကိုလည်း တွေ့ခဲ့ရပါတယ်။

စက်မှုလုပ်ငန်းတွေဖွံ့ဖြိုးဖို့အတွက် Lijiachang ကျေးရွာမှာ **"မှိုစိုက်ပျိုး ထုတ်လုပ်ရေးစက်မှုဇုန်စီမံကိန်း"** အပါအဝင် စီမံကိန်းလုပ်ငန်းသုံးခု စတင်ဆောင်ရွက်ခဲ့ပါတယ်။ "ဒေသတစ်ခု ထုတ်ကုန်တစ်ခု" လုပ်ငန်းအစီအစဉ်အနေနဲ့ စားသုံးနိုင်တဲ့ မှိုစိုက်ပျိုးရေးသရုပ်ပြကျေးရွာအဖြစ် ဖော်ဆောင်ခဲ့ပြီး မှို ၁၈ ဧကခန့် စိုက်ပျိုးထားရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စံချိန်မီမှိုမျိုးချောင်း စိုက်ပျိုးထုတ်လုပ်ရေးအလုပ်ရုံကို တည်ဆောက်ပြီးစီးခဲ့ပြီး နေ့စဉ် မှိုစိုက်ပျိုးဖို့ မှိုမျိုးချောင်း ၁၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ရာ ဒေသတွင်း **"စားသုံးနိုင်တဲ့ မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတစ်ခု"**အဖြစ် လူသိများလာခဲ့တာကို တွေ့ခဲ့ရပါတယ်။

ဒုတိယစီမံကိန်းမှာ "မြို့ပြတောင်သူတွေ" စိုက်ပျိုးရေးနဲ့ သစ်တောဇုန်စီမံကိန်းဖြစ်ပြီး လယ်ယာစိုက်ပျိုးမှုအလေ့အထ ခေတ်မီသဘာဝဟင်းသီးဟင်းရွက်စိုက်ခင်းနဲ့ လယ်ယာစိုက်ပျိုးရေးဇုန်သရုပ်ပြဧရိယာအဖြစ် လယ်ပိုင်ရှင်တွေရဲ့ လယ်မြေတွေ စုပေါင်းပြီး မြေလေးဧကခန့်မှာ ဆောင်ရွက်ထားရှိခဲ့တာ ဖြစ်ပါတယ်။ တတိယစီမံကိန်းမှာ ဒေသဆိုင်ရာယဉ်ကျေးမှုနဲ့ ခရီးသွားဧည့်သည် အရင်းအမြစ်တွေကို အားပြုထားတဲ့ **"လယ်ယာထုတ်ကုန်ပြပွဲနဲ့ အရည်အသွေးမြင့် ခေတ်မီလမ်းဘေး စားသောက်ကုန်ထုတ်လုပ်မှုစီမံကိန်း"** ဖြစ်ပါတယ်။ အနာဂတ်အပန်းဖြေစရာနဲ့ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအပေါ် အခြေပြုတဲ့ စက်မှုဖွံ့ဖြိုးရေးနဲ့ ကုန်ပစ္စည်းအသစ်တွေ ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ရာမှာ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ အားကစားနဲ့ ရိုးရာယဉ်ကျေးမှုတို့တစ်ပါတည်း ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ပြီး အရောင်းမြှင့်တင်ရေးပွဲတွေ၊ အထိမ်းအမှတ် အခမ်းအနားတွေနဲ့ ဒေသဆိုင်ရာ သင်တန်းအစီအစဉ်တွေ ဆောင်ရွက်နေရှိတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒါ့ပြင် အဲဒီကျေးရွာရှိ မှိုစိုက်ပျိုးထုတ်လုပ်ရေးစက်မှုဇုန်အပါအဝင် အခြားဟင်းသီးဟင်းရွက်နဲ့ ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးထားရှိတဲ့ စိုက်ပျိုးရေးဇုန်တွေဟာ Green House စနစ်နဲ့ စိုက်ပျိုးထားရှိတာဖြစ်ပြီး တစ်လုံးကို ၈၆၆ ဒသမ ၆၇ စတုရန်းမီတာကျယ်ဝန်းတဲ့ ဆိုလာစွမ်းအင်အသုံးပြု Green House ၆၄ လုံးရှိတယ်လို့ သိရပါတယ်။ Green House တွေကို Steel Structure၊ ကွန်ကရစ်၊ အုတ်တွေနဲ့ တည်ဆောက်ထားပြီး စိုက်ပျိုးတဲ့သီးနှံ အမျိုးအစားအလိုက် အလိုအလျောက်အပူချိန်/ ရေငွေ့ထိန်းညှိပေးမယ့်ကိရိယာတွေ၊ အကာအရံတွေကို လိပ်သိမ်း/ဖြန့်ခင်းပေးနိုင်တဲ့စက်တွေ တပ်ဆင်ထားရှိတာကို တွေ့ရှိရပါတယ်။ Green House ၆၄ လုံး တည်ဆောက်မှုအတွက် ယွမ် ၇ ဒသမ ၆၈ သန်းခန့် အပါအဝင် စိုက်ပျိုးရေးဇုန်တစ်ခုလုံးအတွက် စုစုပေါင်း ယွမ် ၂၁ သန်းခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး Lijiachang ကျေးရွာရဲ့ တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China–CPC) ဌာနခွဲက ဦးဆောင်ဦးရွက်ပြုပြီး သွင်းအားစု၊ ထုတ်လုပ်မှုနဲ့ ရောင်းဝယ်ရေးဆိုင်ရာ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်တွေ ဖြစ်တဲ့ ကျေးရွာသားတွေနဲ့ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်တယ်လို့ သိရပါတယ်။ ထုတ်လုပ်ရေးပစ္စည်းတွေ စုစည်းဝယ်ယူမှုမှ နေ့စဉ်ထုတ်လုပ်မှုအထိ လယ်သမား ၁၆၀ နဲ့ တိုက်ရိုက် လုပ်ကိုင်ဆောင်ရွက်ပြီး နှစ်တစ်နှစ်ကုန်ဆုံးချိန်မှာ ရရှိတဲ့ အကျိုးအမြတ်ကို လယ်သမားတွေရဲ့ အစုရှယ်ယာငွေစာရင်းတွေကို ထည့်သွင်းပေးရပါတယ်။ နှစ်စဉ် အရည်အသွေးမြင့် ဟင်းသီးဟင်းရွက် တန်ချိန် ၉၆၀ ခန့် ထွက်ရှိတယ်လို့ သိရပါတယ်။

အဲဒီနောက် ပေကျင်းမြို့မှာရှိတဲ့ Siji Yangkun Agricultural Technology Development Company ကို သွားရောက်လေ့လာခဲ့ရာ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ စတင်တည်ထောင်ခဲ့တဲ့ အဲဒီကုမ္ပဏီမှာ ဝန်ထမ်းဦးရေ ၁၀၀ ခန့်ရှိပြီး စိုက်ပျိုးရေးနဲ့ သီးပင်စားပင်တွေကို ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေကို အဓိကလုပ်ကိုင်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေလည်းရှိတာ တွေ့ရှိရပါတယ်။ နည်းပညာအခြေပြု စိုက်ပျိုးရေးကုမ္ပဏီတစ်ခုဖြစ်တဲ့အတွက် ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုနဲ့ လက်တွေ့ပညာပေးမှုတွေကို စက်ရုံအလုပ်ရုံအခြေပြု စိုက်ပျိုးရေးနဲ့ စက်မှုစွမ်းအားအသုံးချစိုက်ပျိုးရေးလုပ်ငန်းပုံစံတွေကို ပေါင်းစပ်ဆောင်ရွက်ပြီး ၇၉ ဧကခန့်မှာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေပါတယ်။ **"ဂေဟစိုက်ပျိုးရေးနည်းပညာဇုန်"**၊ **"Pengcheng ဂေဟဗေဒဆိုင်ရာဇုန်"**၊ **"ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအထူးဇုန်"** နဲ့ **"အကြီးစား စိုက်ပျိုးမွေးမြူရေးဇုန်"** တွေ ပါဝင်ပြီး နှစ်စဉ်မျိုးစေ့သန်း ၅၀ ခန့်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာ Siji Yangkun ရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ စုစုပေါင်းရောင်းအားဟာ ရင်မင်ဘီ ယွမ် ၅ သန်း (အမေရိကန်ဒေါ်လာ သုည ဒသမ ၇ သန်းခန့်) အထိရှိတယ်လို့ သိရပါတယ်။

*စာမျက်နှာ ၁၇ သို့*

**❝ Green House တွေကို Steel Structure၊ ကွန်ကရစ်၊ အုတ်တွေနဲ့ တည်ဆောက်ထားပြီး စိုက်ပျိုးတဲ့သီးနှံ အမျိုးအစားအလိုက် အလိုအလျောက်အပူချိန်/ ရေငွေ့ထိန်းညှိပေးမယ့်ကိရိယာတွေ၊ အကာအရံတွေကို လိပ်သိမ်း / ဖြန့်ခင်းပေးနိုင်တဲ့ စက်တွေ တပ်ဆင်ထားရှိတာကို တွေ့ရှိရပါတယ်။ Green House ၆၄ လုံး တည်ဆောက်မှုအတွက် ယွမ် ၇ ဒသမ ၆၈ သန်းခန့် အပါအဝင် စိုက်ပျိုးရေးဇုန်တစ်ခုလုံးအတွက် စုစုပေါင်း ယွမ် ၂၁ သန်းခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး Lijiachang ကျေးရွာရဲ့ တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China-CPC) ဌာနခွဲက ဦးဆောင်ဦးရွက်ပြုပြီး သွင်းအားစု၊ ထုတ်လုပ်မှုနဲ့ ရောင်းဝယ်ရေး ဆိုင်ရာ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်တွေဖြစ်တဲ့ ကျေးရွာသားတွေနဲ့ ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်တယ်လို့ သိရပါတယ်❞**

## ချောင်းဆုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်

**ချောင်းဆုံ ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအား အရန်မီးသတ်တပ်ဖွဲ့ဝင် ဝတ်စုံများကို ပေးအပ်သည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်ရေးမွမ်းမံသင်တန်းကို မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ခဲ့ပြီး မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက နည်းပြများအဖြစ် ဆောင်ရွက်ကာ လေ့ကျင့်ရေးသင်တန်းကို ရက် ၂၀ ကြာ သင်ကြားပို့ချမည် ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## သံဖြူဇရပ်မြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

**သံဖြူဇရပ် ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အရန်မီးသတ် တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်း ဖွင့်ပွဲအခမ်းအနားကို မြို့နယ်မီးသတ်ဦးစီးဌာန၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းသားများအား တူညီဝတ်စုံများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးမြင့်က



ပေးအပ်ပြီး အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ အား လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ် သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းစစ်ဆေး

**ကျိုက်ထို ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေဖြင့် ကော့ထင်းကျေးရွာ၌ အရှည်ပေ ၃၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **ကျိုက်ထို(ကျေးလက်)**

*စာမျက်နှာ ၁၆ မှ*

ကုမ္ပဏီအနေနဲ့ စက်မှုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ကနဦးဆောင်ရွက်မှုတွေကနေ လယ်သမားတွေ ဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ချက်နဲ့ e-commerce စနစ်နဲ့ ရောင်းချမှုတွေ ဆောင်ရွက်လာနိုင်ဖို့ အမျိုးသမီးတွေအတွက် လေ့ကျင့်သင်ကြားမှုအခွင့်အလမ်းတွေ ဖန်တီးပေးမှု၊ သမဝါယမအသင်းအဖွဲ့တွေ ဖွဲ့စည်းကာ အဖွဲ့ဝင်တွေကို နှစ်စဉ်ထောက်ပံ့ငွေတွေပေးမှု၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းလမ်းတွေ ညွှန်ပြပေးမှုနဲ့ ကုန်ထုတ်လုပ်မှုနဲ့ ဝင်ငွေတိုးတက်ရရှိစေဖို့ လယ်သမားတွေ မက်လုံးပေးစည်းရုံးမှုတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိပါတယ်။ ၂၀၂၃ ခုနှစ်မှာ အနီးအနားရှိ ထုတ်လုပ်ရေးစခန်း ကိုးခုမှ ကျေးလက်အိမ်ထောင်စု ၁၀၀၀ ကျော်ကို အထောက်အကူပြုနိုင်ခဲ့ပြီး ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားတဲ့ ဆိုလာဖန်လုံအိမ် ၃၂၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စိုက်ပျိုးမှုဧရိယာ ၇၄၁ ဧက ဝန်းကျင်ခန့်အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး စူပါမားကက်တွေနဲ့ ပူးပေါင်းပြီး Offline ရောင်းအား ဈေးကွက်ကို ဖော်ဆောင်ခဲ့တဲ့အပြင် ပေါင်းစည်းလယ်ယာစနစ်ကို ကျင့်သုံးခဲ့ကာ livestreamers တွေနဲ့ ပူးပေါင်းပြီး အွန်လိုင်းမှ ရောင်းချတဲ့စနစ်ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒါကြောင့် သခွားသီး၊ ခရမ်းသီး၊ ပန်းသီး၊ ဖရုံသီး၊ ကန်စွန်းဥ၊ ငရုတ်သီးစတဲ့ သီးနှံစုံနဲ့ ဟင်းသီးဟင်းရွက် ၁၅၀၀ တန်ခန့် ရောင်းအားတိုးမြင့်ခဲ့ပြီး လယ်ယာလုပ်ငန်းရှင်တွေရဲ့ ဝင်ငွေကို ရင်မင်ဘီယွမ် ၁၀ ဒသမ ၈၁ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄ သန်းခန့်) အထိ တိုးမြှင့်ရရှိစေခဲ့တယ်လို့ သိရပါတယ်။

Siji Yangkun ဟာ သရုပ်ပြသမှုနဲ့ လက်တွေ့ပညာပေးမှုကို ပေါင်းစပ်တဲ့နည်းလမ်းနဲ့ Daxing ခရိုင်ရှိ အနီးအနား မူလတန်းကျောင်းနဲ့ အထက်တန်းကျောင်းတွေနဲ့ ပူးပေါင်းကာလက်တွေ့ သရုပ်ပြစိုက်ခင်းတွေကို လာရောက်လေ့လာလည်ပတ်နိုင်ဖို့ ဖွင့်လှစ်ထားရှိပါတယ်။ ကျောင်းသားတွေအနေနဲ့ အခမဲ့သွားရောက်လေ့လာ၊ ပါဝင်စိုက်ပျိုးနိုင်ပြီး ဆရာမတွေ၊ ကျောင်းသားတွေနဲ့ မိဘတွေထံကလည်း ကောင်းမွန်တဲ့ တုံ့ပြန်မှုတွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ ၂၀၂၃ ခုနှစ်မှာ လာရောက်လည်ပတ်သူ ၄၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်မှာ အရင်နှစ်ကထက် လာရောက်လည်ပတ်သူ ၂၀၀၀ ကျော် ပိုမိုလာခဲ့တယ်လို့ သိရှိရပါတယ်။





**ပဲခူးတိုင်းဒေသကြီး ရွာသစ်ကျေးရွာတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် Green House စနစ်ဖြင့် စိုက်ပျိုးထားရှိသည့် စိုက်ခင်းများနှင့် သီးနှံပင်များ။**

စာရေးသူအနေနဲ့ Siji Yangkun Agricultural Technology Development Co.,Ltd. ရဲ့ စက်မှုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး ကနဦးဆောင်ရွက်မှုတွေကနေ လယ်သမားတွေ ဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ချက်နဲ့ e-commerce စနစ်နဲ့ ရောင်းချမှုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းတွေ ညွှန်ပြပေးမှု၊ သမဝါယမအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်မှုတွေ၊ Daxing ခရိုင်ရှိ မူလတန်းကျောင်း၊ အထက်တန်းကျောင်းတွေနဲ့ ပူးပေါင်းကာ လက်တွေ့သရုပ်ပြစိုက်ပျိုးထားရှိမှုတွေကို လာရောက်လေ့လာလည်ပတ်နိုင်ဖို့ စီစဉ်ထားရှိမှုတွေကို လေ့လာခွင့်ရရှိခဲ့ပြီး စိုက်ပျိုးဧက ၇၉ ဧကပေါ်မှာ ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ကာ သီးနှံမျိုးစုံစိုက်ပျိုးနေမှုတွေကို သွားရောက်ကွင်းဆင်းလေ့လာခွင့် ရရှိခဲ့ပါတယ်။

### လေ့လာသုံးသပ်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှာ တွေ့မြင်ခဲ့ရတဲ့ Green House စနစ် စိုက်ပျိုးရေးလုပ်ငန်းတွေကို လေ့လာခွင့်ရရှိရာမှ သုံးသပ်တွေ့ရှိတဲ့အချက်တွေကတော့-

(က) ပုဂ္ဂလိကမှ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှု၊

(ခ) တောင်သူတွေမှ သမဝါယမစနစ်ပုံစံနဲ့ လုပ်ငန်းတွေ ပါဝင်ဆောင်ရွက်မှု၊

(ဂ) ခေတ်မီစိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးလာစေဖို့အတွက် စိုက်ပျိုးရေးဇုန်တွေ ဖော်ဆောင်နိုင်ဖို့ အထောက်အပံ့ပေးတဲ့မူဝါဒနဲ့ ဘဏ်လုပ်ငန်းကဏ္ဍမှ သက်မွေးလုပ်ငန်းဆိုင်ရာ ချေးငွေလမ်းကြောင်းတွေ (Professional Loan Channels) ဖန်တီးထားရှိမှု၊

(ဃ) Smart Agricultural စနစ်နဲ့ စီမံဆောင်ရွက်မှု၊

(င) ၁၂ ရာသီ စိုက်ပျိုးထုတ်လုပ်မှုစနစ်နဲ့ ဆောင်ရွက်မှု၊

(စ) နည်းပညာနဲ့ ပတ်သက်ပြီး ဌာနဆိုင်ရာတွေ/ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ Research & Development ရှိမှု၊

(ဆ) ဈေးကွက်သေချာမှု စတာတွေကို လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

### Green House စိုက်ပျိုးရေးစနစ်ရဲ့ အကျိုးကျေးဇူးတွေ

(က) ရွှေ့လျားနိုင်တဲ့ အမိုး/ အကာတွေ တပ်ဆင်ထားပြီး နေရောင်ခြည်၊ အပူချိန်နဲ့ ရေငွေ့ကို လိုအပ်သလို ထိန်းညှိနိုင်မှု၊

(ခ) ရာသီမရွေး ရာသီပေါ်သီးနှံတွေကို စိုက်ပျိုးနိုင်မှု၊

(ဂ) ရေပေးဝေမှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီး ရေအသုံးချမှု လျှော့ချနိုင်မှု၊

(ဃ) ပိုးမွှားနဲ့ ရောဂါကျရောက်မှု ထိန်းချုပ်နိုင်မှု၊

(င) အချိန်တိုအတွင်း အရည်အသွေးမြင့် သီးနှံတွေ ထုတ်လုပ်နိုင်တာကြောင့် စီးပွားရေးတွက်ခြေကိုက်မှု၊

(စ) စိုက်ပျိုးရေးသွင်းအားစုနဲ့ ရေကို လိုအပ်သလောက်သာ အတိအကျ အသုံးပြုနိုင်တာကြောင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုကို လျှော့ချနိုင်မှု စတဲ့ အကျိုးကျေးဇူးတွေကို ရရှိတယ်လို့ သိရပါတယ်။

အထူးအားဖြင့်တော့ ၁၂ ရာသီပတ်လုံးစိုက်ပျိုးနိုင်တဲ့ Green House စနစ်သုံး စိုက်ပျိုးရေးလုပ်ငန်းတွေကို အားကျဖွယ် တွေ့မြင်ခဲ့ရပါတယ်။ တရုတ်နိုင်ငံမှာ Green House စနစ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေတာကို တွေ့ရပြီး လေယာဉ်ပေါ်ကနေ စီးမိုးကြည့်လိုက်ရင် အဖြူရောင်ပိုက်လုံးကြီးတွေ ချထားတဲ့အလား Green House စိုက်ခင်းတွေကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရပါတယ်။ စာရေးသူတို့နိုင်ငံမှာလည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) နဲ့ ပဲခူးတိုင်းဒေသကြီး ရွာသစ်ကျေးရွာမှာ Green House စနစ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပြီး တစ်လုံးကို (8m x 30m) ကျယ်ဝန်းတဲ့ ဆိုလာစွမ်းအင်အသုံးပြု Green House ခြောက်လုံးနဲ့ ဆောင်ရွက်နေပါတယ်။ Green House ခြောက်လုံးအတွက် ငွေကျပ် ၆၂ ဒသမ ၄၉၆ သန်းနဲ့ Steel Structure၊ ပလတ်စတစ်အမိုးနဲ့ တည်ဆောက်ထားရှိပြီး ဆလတ်၊ နှမ်းရွက်၊ ငရုတ်၊ သခွား၊ မုန်ညင်း စတဲ့ သီးနှံစုံစိုက်ပျိုးကြပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ သီးနှံစုံစိုက်ပျိုးမှုအတွက် ငွေကျပ် ၄ ဒသမ ၃၂၇ သန်း ရင်းနှီးစိုက်ပျိုးခဲ့ရာ အကျိုးအမြတ်အနေနဲ့ ငွေကျပ် ၇ ဒသမ ၀၁၂ သန်းရရှိခဲ့ပြီး မိသားစုဝင်ငွေ တိုးပွားစေခဲ့ပါတယ်။ လက်ရှိမှာလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ ဒါပေမယ့် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွံ့ဖြိုးလာစေဖို့ လိုအပ်နေသေးတာဖြစ်လို့ Green House စနစ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပြီး သမဝါယမစနစ်နဲ့ စုဖွဲ့ဆောင်ရွက်မယ်ဆိုပါက အခုထက်ပိုပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာနိုင်မှာဖြစ်တယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ ။

## ဆိပ်ဖြူမြို့နယ်၌ ဆီထွက်သီးနှံ (ဆောင်း) မြေပဲများ စတင်စိုက်ပျိုးလျက်ရှိ



မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်ရှိ ရွာသစ်၊ ကိုးတောင့်၊ ချင်းတောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကမ္ဘာကြီးအုပ်စုအတွင်းရှိ ကျေးရွာများ၌ ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် ဆောင်းမြေပဲကို စိုက်ဧက ၁၀၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

မြေပဲသီးနှံကို ဒီဇင်ဘာလဆန်းမှ စတင်စိုက်ပျိုးပြီး မတ်လတွင် တူးဖော်ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် မြေပဲလုံးဆန်(ဖြူ) S1 အတောင့်သေးမျိုးကို သီးညှပ်သီးနှံအဖြစ် စိုက်ပျိုး၍ မြေပဲမျိုးတစ်တင်းလျှင် ငွေကျပ် ၁၅၂၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် မျိုးစေ့နှစ်တင်းခန့် စိုက်ပျိုးရကြောင်း၊ ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် မြေပဲတစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က မြေပဲတစ်ဧကလျှင် ငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တင်း ၄၀ မှ ၅၅ တင်းအထိ ထွက်ရှိကြောင်း၊ ယခင်နှစ်က မြေပဲတောင့် (အခြောက်)တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀-၃၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေကျပ် ၁၀ သိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းဆီစက်လုပ်ငန်းများအပြင် ချောက်မြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း၊ ဒီဇင်ဘာလဒုတိယပတ်အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများအနေဖြင့် မြေပဲတောင့် (အခြောက်) တစ်တင်းလျှင် ငွေကျပ် ၄၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တောင်သူများအနေဖြင့် ဆီထွက်သီးနှံမြေပဲကို မိသားစုစားသုံးဆီဖူလုံမှု ရရှိသည့်အပြင် အကျိုးအမြတ် ရရှိခြင်းကြောင့် နှစ်စဉ် တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။DOCA(မကွေး)

## ပေါက်ခေါင်းမြို့နယ်၌ ခရမ်းကြွပ်သီးများ တစ်ပိုင်တစ်နိုင်စိုက်ပျိုးလျက်ရှိပြီး အကျိုးအမြတ်ရ

ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် သဖန်းချိုအုပ်စုတွင် သီးနှံမျိုးစုံစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိရာ လေးကြီးကျေးရွာတွင် ခရမ်းကြွပ်သီးများကို ရာသီမရွေး တစ်နှစ်ပတ်လုံး မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ခရမ်းကြွပ်သီးစိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး တစ်လခွဲသားအရွယ်တွင် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲ/ သုံးလခန့်အကြာတွင် အသီးများကို စတင်ခူးဆွတ်ရကြောင်း၊ ခရမ်းကြွပ်သီးကို အခြားသီးနှံများနှင့်ရောနှော၍ တောင်သူတစ်ဦးလျှင် ဝ ဒသမ ၂၅ ဧက စိုက်ပျိုးကြကြောင်း၊ ခရမ်းကြွပ်သီး ဝ ဒသမ ၂၅ ဧကတွင် အပင်ပေါင်း ၂၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် ငွေကျပ် ငါးသိန်းခန့်ကုန်ကျကြောင်း၊ ခရမ်းကြွပ်သီးကို သုံးရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် အလုံးရေ ၈၅၀၀ ခန့်ထွက်ရှိရာ တစ်လခွဲခန့်အထိ ခူးဆွတ်နိုင်သည့်အတွက် စုစုပေါင်းအလုံးရေ ၁၂၇၅၀၀-၁၂၈၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ခရမ်းကြွပ်သီးတစ်လုံးလျှင် လက်ကားဈေးငွေကျပ် ၁၀ ကျပ်နှုန်းဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအရောက် လာရောက်ဝယ်ယူ၍ အခြားမြို့နယ်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ခရမ်းကြွပ်သီး ဝ ဒသမ ၂၅ ဧက စိုက်ပျိုးလျှင် ငွေကျပ် ၇၇၅၀၀၀ အမြတ်ရရှိကြောင်း၊ ခရမ်းကြွပ်သီးကို တောင်သူများ အနေဖြင့် မိသားစုတစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပြီး အကျိုးအမြတ်ရသော သီးနှံဖြစ်သည့်အတွက် နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ DOCA (ပဲခူး)



## ဆိပ်ဖြူမြို့နယ်၌ ဆောင်းသီးနှံ (ကျွန်း)စားတော်ပဲ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ တောင်သူများသည် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ (ကျွန်း) စားတော်ပဲကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလျက်ရှိကြောင်း၊ ယခင်နှစ်က စားတော်ပဲ စိုက်ဧက ၁၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီး ယခုနှစ်တွင် ဧက ၁၅၀၀ ခန့်အထိ တိုးချဲ့ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

(ကျွန်း) စားတော်ပဲသီးနှံကို နိုဝင်ဘာလပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလစတုတ္ထပတ်တွင် ရိတ်သိမ်းရကြောင်း၊ စားတော်ပဲကို ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် သီးသန့်စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးမှုလည်းရှိကြောင်း၊ မျိုးအနေဖြင့် စားတော်ပဲတစ်ဧကလျှင် မျိုးစေ့နှစ်တင်းကျော်ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကြဲပက်စနစ်ဖြင့် စိုက်ပျိုးပြီး စားတော်ပဲသီးနှံသည် ရေလိုအပ်သော သီးနှံဖြစ်၍ အထွက်နှုန်းကောင်းမွန်ရန် မြေအောက်ရေအပြင် ရေသွင်းစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ အလုပ်သမားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် စားတော်ပဲ ၁၀ - ၁၅ တင်းခန့် ထွက်ရှိပြီး စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့၍ ငွေကျပ် ၁၅၀၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း သိရသည်။

ဒီဇင်ဘာလ ဒုတိယပတ်၌ စားတော်ပဲတစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဒေသတွင်းအပြင် မကွေးမြို့ပေါ်ရှိ သီးနှံပွဲရုံများမှတစ်ဆင့် မန္တလေးမြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုအချိန်တွင် စားတော်ပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ပြည်တွင်းသုံးစွဲမှုများပြီး ဈေးကွက်ခိုင်မာမှုရှိသောကြောင့် တောင်သူများအနေဖြင့် နှစ်စဉ်မပြတ် စိုက်ပျိုးကြောင်း သိရသည်။

DOCA (မန္တလေး)

## ပခုက္ကူမြို့နယ်၌ ဆေးရွက်ကြီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ကုက္ကိုလှ၊ ကျွန်းညိုကြီး၊ မြင်းကျွန်း၊ ကျွန်းညို၊ သံပုရာပင်ကုန်း၊ မှိုက်ပင်ကုန်း၊ တင်းဂါတ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ရေဝတီမြစ်ရိုးတစ်လျှောက်ရှိ ကိုင်းကျွန်းမြေများတွင် အစေ့ထုတ်ပြောင်း (CP)၊ ငရုတ်၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံကို စိုက်ဧက ၄၀၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆေးရွက်ကြီးကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ခူးဆွတ်ရိတ်သိမ်းကြကြောင်း၊ မျိုးအနေဖြင့် ဗမာဆေးရွက်ကြီးမျိုးကို အများဆုံးစိုက်ပျိုးကြပြီး ယခင်နှစ်ကထွက်ရှိသော မျိုးစေ့ကို ပျိုးထောင်စိုက်ပျိုးခြင်းအပြင် ပျိုးပင်ကို ဝယ်ယူ၍လည်း စိုက်ပျိုးကြောင်း၊ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၂၀၀၀၀ ခန့်နှင့် ပျိုးပင်တစ်ပင်ကို ငွေကျပ် ၂၀ ကျပ်နှုန်းဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဆေးရွက်ကြီးကို သဲနုန်းမြေအမျိုးအစားတွင် စိုက်ပျိုးကြပြီး မြေအောက်ရေအပြင် ရေလိုအပ်ပါက ရေသွင်းစိုက်ပျိုးကြောင်း၊ ပျိုးထောင်ပြီး ၄၅ ရက်အကြာတွင် မြေပေါ်သို့ချ၍ စိုက်ပျိုးကြပြီး တစ်ဧကလျှင် ဆေးရွက်ကြီး ပျိုးပင် ၇၀၀၀ ခန့်စိုက်ပျိုးနိုင်ကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၁၁၀၀ ခန့် ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ - ၁၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ ငွေကျပ် သိန်း ၆၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မျိုး၊ သွင်းအားစု၊ အလုပ်သမားခနှင့်စက်သုံးဆီဝယ်ယူခ ဈေးနှုန်းကြီးမြင့်ခြင်းတို့ကြောင့် ငွေကျပ် ၃၅ သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ ယခုအချိန်တွင် ဆေးရွက်ကြီးအပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခင်နှစ်ကဲ့သို့ ဈေးနှုန်းကောင်းမွန်ပါက တောင်သူများ အကျိုးအမြတ် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ဆေးရွက်ကြီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။ DOCA (မကွေး)

### ၁၆-၁၂-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ (ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၆၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၇၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၅၀၀ | | ၈၀၀၀ | ၂၂၀၀၀ | - | ၁၉၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၂၃၀ | ၁၇၅၀၀ | ၅၀၀၀ | ၁၇၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၈၀၀၀ | ၂၀၀၀၀ | ၈၃၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | | ၄၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၈၀၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၈၀၃၅ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၁၅၀၀၀ | ၈၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၈၄၅၀ | ၁၉၀၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၀၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၈၀၀၀ | ၈၆၁၅ | ၁၉၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၁၉၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၀၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၅၄၀၀ | ၁၉၀၀၀ | ၃၁၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၉၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၁၅၀၀ | ၈၀၅၀ | ၁၀၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၆၃၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၆၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၃၅၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၄၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀ | ၈၇၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၆၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၅၀၀ | ၈၂၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၇၀၀ | ၈၆၀၀ | ၈၅၀၀ | ၁၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၈၁၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၁၅၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၄၀၀ | ၉၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၇၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၀၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၃၈၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၈၀၀ | ၅၁၅၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၁၇၀ | ၁၅၅၀၀ | ၄၅၀၀ | ၁၅၅၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၂၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၇၅၀၀ | ၅၁၅၀ | ၁၉၀၀၀ | ၂၈၅၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၂၇၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း



## ကော့သောင်းမြို့၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၆** ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက် ၈ နာရီတွင် ကော့သောင်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော်အား တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အကအဖွဲ့များအား အဖွဲ့အလိုက်ဂုဏ်ပြုဆုငွေတစ်သိန်းကျပ်စီကို ချီးမြှင့်ပြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် ဒေသတွင်း လူငယ်ရေးရာ အသိပညာပေးလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြဘုတ်၊ လုပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံပြဘုတ်များ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲအနေဖြင့် ဆေးရောင်ခြယ်ပြိုင်ပွဲ၊ မြန်မာသဒ္ဒါ သတ်ပုံအမှန်ရွေးပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ အားကစားအနေဖြင့် ခါးကွင်းလှည့်ကစားနည်း၊ ဂုန်နီအိတ်စွပ်ပြေးကစားနည်း၊ စာလုံးဆက်ကစားနည်း၊ အာလူးကောက်ကစားနည်း၊ ခွက်နင်းကစားနည်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ကျောင်းသုံးဗလာစာအုပ်များဖြင့် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ ကော့သောင်းမြို့နယ် အတွင်းမှ အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက သိပ္ပံလက်တွေ့ခန်းများ၊ ပညာရေးပြဘုတ်များ၊ ဓာတ်ပုံပြဘုတ်များနှင့် စာအုပ်ပြပွဲများကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ပြိုင်ပွဲများတွင်လည်း ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သနပ်ပင်မြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနား ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၆**

သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက် နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ရေးဦးစွာ သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ထို့နောက် စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနားကို သီရိဇေယျာခန်းမ၌ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ပညာဘဏ်တိုက် စာကြည့်တိုက်သို့ သွားကြစို့" သီချင်းဖြင့် သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အခြေခံပညာကျောင်းများအား အခြေပြုပြီး စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်ဓလေ့၊ စာကြည့်တိုက်များသို့ ဝင်/ထွက်သွားလာသည့် အလေ့အကျင့်များ ဖြစ်လာစေရန်၊ စာဖတ်ခြင်းကို တန်ဖိုးထားကာ ဉာဏ်ပညာ အတွေးအခေါ် မြင့်မားရေး ဗဟုသုတပြည့်စုံကြွယ်ဝရေးအတွက် စာတတ်သူတိုင်း စာဖတ်ကြရန်၊ ပညာဗဟုသုတ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် ရည်ရွယ်ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သနပ်ပင်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် သုတ/ရသစာအုပ်စာစောင်များကို လည်းကောင်း၊ ဝေါမြို့နယ် စာဖတ်ရှိန်မြှင့်တင်ရေး အခမ်းအနား၌ အသိပညာဗဟုသုတများရရှိစေရေး ဟောပြောပေးမည့် စာရေးဆရာမကြီးနှင့် စာအုပ်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် အခြေခံပညာအထက်တန်းအဆင့် ပထမဆုရရှိသောပြိုင်ပွဲဝင် ကျောင်းသူတစ်ဦးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ကျပန်းစကားပြောခြင်း သရုပ်ပြဖျော်ဖြေတင်ဆက်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးများက သီဆို၊ ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းစာကြည့်တိုက်၊ ကလေးစာဖတ်ခန်း၊ ပညာရေးဆိုင်ရာပြခန်းနှင့် သုတ/ရသ စာအုပ်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအုပ်ဆရာမကြီးအား သီးခြားချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ်၌ အရန်မီးသတ် တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်

**မော်လမြိုင် ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

ဦးစွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၄)ကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းသားများအား တူညီဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ အား လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



## ချောင်းဆုံမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါလူနာရှာဖွေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**ချောင်းဆုံ ဒီဇင်ဘာ ၁၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ပညာသင်ယူနေသည့် ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက တီဘီရောဂါ လူနာရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်က အခြေခံပညာအထက်တန်းကျောင်းရစ်ကျောင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

တီဘီရောဂါရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်းကို မြို့နယ်ကုသရေးနှင့်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူဇာဝင်း၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်းရစ်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၅၁၆၄ ဦးကို စမ်းသပ်စစ်ဆေးခြင်းများ ပြုလုပ်ကာ သလိပ်စစ်ရန် ၁၅၃ ဦးနှင့် ဓာတ်မှန်ရိုက်စစ်ဆေးရန် လိုအပ်သည့် ၉၆ ဦးတို့အား မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်းပေးခဲ့ကြပြီး ကျန်းမာရေး အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## လောင်းလုံမြို့နယ်၌ ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီး တစ်ဦးကို နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့သည့် သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် လုံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံမြို့နယ် အင်းဇောက်ကျေးရွာတွင် ဒီဇင်ဘာ ၁၃ ရက်က ဆိုင်ကယ် မောင်းနှင်လာသည့် အမျိုးသမီး တစ်ဦးကို နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အင်းဇောက်ကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်နေသည့်




လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် PDF အမည်ခံအကြမ်းဖက်သမားများ နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း၊ ထို့နောက် PDF အမည်ခံ အကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့သည့်အတွက် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များအနေဖြင့် အပြစ်မဲ့ပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခြင်း မရှိဘဲ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်သမားများက မြေပြင်ဖြစ်စဉ်များနှင့် ကွဲလွဲနေသည့် သတင်းတု၊ သတင်းအမှားများကို လုပ်ကြံရေးသားပြီး နယ်မြေ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀ နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၉-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁၀-၃-၂၀၂၅ ရက်နေ့တွင် အသက် ၁၇ နှစ်အောက်မငယ်ရ၊ ၂၀နှစ်ထက် မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၁၇-၁၂-၂၀၂၄ ရက်နေ့မှ ၂၃-၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်းပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ(၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ(၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာများ ခံစားခွင့်ရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ်နှုန်းဖြင့် (၁၀၀၀၀)ကျပ်အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက်သတ်မှတ်ချက်များနှင့် အကျုံးဝင်သည့်အချိန်တွင် ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းသင်တန်းအတွက် စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# အမည်ပြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပညာပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း Grade-11 တွင် ပညာသင်ကြားနေသော (ဘ)ဦးကျော်ဇေယျ ၁၄/ပသန(နိုင်)၀၀၄၆၁၁၏သား မောင်မင်းအောင်စံ ၉/ဇဗသ(နိုင်)၀၁၂၇၄၆ အား မောင်ထက်အောင်လင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ကန်ကြီးထောင့်မြို့၊အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(၇)၊ အကွက်အမည်-ဈေးပိုင်းအကွက်၊ ဦးပိုင်အမှတ်(၁၁၆-က/၁၊၁၁၇-က/၁)၊ မြေကွက်အမှတ်(၄၃၇၊၄၃၈)၊ ဧရိယာ(၀.၀၂၈)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော်- ဦးသက်စု(ဦးကျင်သောင်း)
(ခ) အနောက်လားသော် - ရွှေဘိုတန်းလမ်း
(ဂ) တောင်လားသော် - ဦးစံခိုင်( ဦးအောင်နိုင်ထူး+ဒေါ်ခင်အေးကြူ)
(ဃ) မြောက်လားသော် - ကိုစေိန်၊မမယ်မြ၊ဒေါ်မေ

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးအောင်သူပြည့်ဖြိုးမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၁၂)ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ကန်ကြီးထောင့်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥသာမြို့သစ်၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ်(၁၁၂)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေအား ဒေါ်ခင်အေး၊ ဒေါ်ခင်ဝင်းမှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤ ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

# အများသိစေရန်ကြေညာခြင်း

ကျွန်တော် ဦးရဲမင်း (၁၂/ကမတ(နိုင်)၀၅၀၅၆၁)သည် ကြည့်မြင်တိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်(၁/၂၀၂၃)အမှုတွင် ချမှတ်ခဲ့သော (၂၀-၇-၂၀၂၃)ရက်စွဲပါ အမိန့်နှင့်ဒီကရီအရ ဒေါ်အေးစန္ဒာအောင် (၁၂/ကမတ(နိုင်)၀၆၃၉၀၁) နှင့် တရားဝင်ကွာရှင်းပြတ်စဲပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဒေါ်အေးစန္ဒာအောင် (၁၂/ကမတ(နိုင်) ၀၆၃၉၀၁)၏ လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အစရှိသည့် ကိစ္စအဝဝတို့အတွက် ကျွန်တော်ဦးရဲမင်း (၁၂/ကမတ(နိုင်)၀၅၀၅၆၁)နှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါ။ ထို့ကြောင့် နောက်နောင်တွင် အထက်ပါကိစ္စနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းခြင်း၊ ဝင်ရောက် စွက်ဖက်ခြင်းမပြုပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမင်း**
**၁၂/ကမတ(နိုင်)၀၅၀၅၆၁**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွာသစ်ရပ်ကွက်၊ ငုရွှေဝါလမ်းဟုခေါ်တွင်သော အလျား(၂၀)ပေ xအနံ (၄၀)ပေရှိ အိမ်ခြံမြေနှင့်အကျိုးခံစားခွင့်များအား ဒေါ်ချယ်ရီသင်း ၁၂/မဂဒ(နိုင်) ၂၀၂၂၂၆မှ အရှုပ်အရှင်းကင်းစွာဖြင့် မူရင်းဆက်စပ်စာချုပ်၊ စာရွက်စာတမ်းများဖြင့် တရားဝင်လက်ရှိပိုင်ဆိုင်ထားပါကြောင်း၊ လွှဲပြောင်းရောင်းချခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာမိုး ၈/ရနခ(နိုင်) ၁၂၂၀၈၈၈ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင် လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်ရဲမာန်(LL.B),WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၅၁)**
**ဖုန်း-၀၉-၄၃၀၈၉၄၆၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/59627, Shayan 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်သက် ၁၄/ဖပန(နိုင်) ၁၃၇၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/19484, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဦး ၁၄/ဖပန(နိုင်)၁၀၆၆၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဖျာပုံမြို့)**

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၂၄ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၃၅

| | | |
|---|---|---|
| ၁။ ဦးချစ်သိန်း | နှင့် | ၁။ ဦးမြင့်ကိုကို |
| ၂။ ဦးချစ်မွန် | | ၂။ ဦးမြတ်ကိုကို |
| ၃။ ဦးချစ်ခွန်(ကိုယ်တိုင်နှင့် ဒေါ်ပြုံးချို(ခ)ဒေါ်ခင်တင့်၏ ကိုယ်စားလှယ်စာရသူ) | | (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်ညိုညိုနိုင်) |
| ၄။ ဒေါ်ပြုံးချို(ခ)ဒေါ်ခင်တင့် | | ၃။ဒေါ်ခင်စန်းမြင့် |
| **လျှောက်ထားသူများ** | | **လျှောက်ထားခံရသူများ** |

၂၀၂၃ခုနှစ်၊ ဇွန်လ ၂၈ရက်နေ့စွဲပါ ကလောခရိုင် တရားရုံး၊ ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့် ပတ်သက်၍လျှောက်ထားခံရသူအမှတ်(၃) ဒေါ်ခင်စန်းမြင့်၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ အမှတ်(၁၇၈)(ယခင်လိပ်စာ)၊ (ယခုလိပ်စာမသိ) နေသိစေရမည်။

ဤအမှုတွင် ကလောခရိုင် တရားရုံး၏ စီရင်ချက်နှင့် ထုံးပုံကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဒေါ်ဌိုက်(စ်)သိန်းက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ၂၄ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၉ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင်သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေမလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၁၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးစန္ဒီအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရှမ်းပြည်နယ်တရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဒါရိုဂါရပ်ကွက်၊ သန့်ဇင်(၁)လမ်း၊ အမှတ်(၂၂/ခ)၊ အကျယ်အဝန်း (အလျား ၁၂ ပေ xအနံ၆၅ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၅-၁၂-၂၀၀၆)ရက်စွဲပါအရောင်းအဝယ် ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးစိုးတင့် ၁၄/ပသန(နိုင်)၁၅၂၃၅၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် သတ်မှတ် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရန်ငွေ)အဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါပြီး (၇)ရက်အတွင်းစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆွေဆွေသန်း(LL.B, D.I.L )**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၇၀)**
**အမှတ်-၅၀၊ ဘဏ်လမ်း၊ အခန်း(A-7/8)၊ ပထမထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၅၅၂၁၇၈(Viber)၊ ၀၉-၄၂၀၀၅၇၀၀**

## လင်မယားကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံ(၂၈)အိမ်ရပ်ကွက်နေ (ဘ) ဦးဝင်းနိုင်၏သား ဦးဆန်းမြတ်မွန် ၁၀/မလမ(နိုင်)၁၇၀၈၆၈လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေ အပ်ပါသည်-

ဦးဆန်းမြတ်မွန်နှင့် ဇနီးဒေါ်ချစ်ချစ်စန်း(ဘ)ဦးဝင်းမြင့် ၆/သရခ(နိုင်)၀၆၆၉၁၇တို့သည် ထိုင်းနိုင်ငံ ရနောင်းမြို့၌ နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြားခဲ့ကြပြီး(၁၈)နှစ်အကြာတွင် မော်လမြိုင်မြို့၊ မောင်ငံ(၂၈)အိမ်ရပ်၊ အထက်ပါ နေရပ်လိပ်စာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါသည်။ (၂၅-၂-၂၀၂၁)ရက်တွင် ဇနီးဖြစ်သူ ဒေါ်ချစ်ချစ်စန်းသည် လင်မယားချင်း သဘောထားမတိုက်ဆိုင်ပါသောကြောင့် ဦးဆန်းမြတ်မွန်အား ကွာရှင်းပြတ်စဲကြောင်း ပြောဆို၍ နှစ်ဦးပိုင်ပစ္စည်းများ၏ တစ်ဝက်ကိုခွဲဝေယူပြီး အိမ်ပေါ်မှဆင်းသွားရာ ယခုအခါထိုင်းနိုင်ငံဘက်တွင် သွားရောက်အလုပ်လုပ်ကိုင်နေကြောင်း စုံစမ်းသိရှိရသော်လည်း ခင်ပွန်းဖြစ်သူ ဦးဆန်းမြတ်မွန်အား ဆက်သွယ်ဆောင်ရွက်ခြင်း တစ်စုံတစ်ရာမရှိတော့သဖြင့် ဦးဆန်းမြတ်မွန်နှင့် ဒေါ်ချစ်ချစ်စန်းတို့သည် (၂၅-၂-၂၀၂၁)ရက်မှစ၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးဆန်းမြတ်မွန်** | **ဦးသိန်းဥဘဏ်** |
| ၁၀/မလမ(နိုင်) ၁၇၀၈၆၈ | **တရားလွှတ်တော်ရှေ့နေ၊ စဉ် - ၅၇၄၂** |
| **မောင်ငံ(၂၈)အိမ်ရပ်၊** | **အမှတ်(၇၁၅)၊ အောက်လမ်းမကြီး** |
| **မော်လမြိုင်မြို့** | **မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့** |

## မြေကွက်နှင့်နေအိမ်ဆက်ခံပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ရဲဘော်ကုန်း(၁) လမ်း၊ အိမ်အမှတ်(၅၁)နေ (ဘ)ဦးမောင်လွင်၏သား ဦးသိန်းလှိုင် ၁၂/ဗဟန(နိုင်) ၀၄၉၅၈၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ အကွက်အမှတ်(၃၂N)၊ ဦးပိုင်အမှတ်(၄၄)၊ ဧရိယာ( ၀ ဒသမ၀၃၀)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက်လျှာထိုးခင်း၊ သွပ်မိုးနေအိမ်(၁)လုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းလှိုင်၏ ဇနီး ဒေါ်မြသင်း အမည်ပေါက်ပိုင်ဆိုင်သော အိမ်မြေများဖြစ်ကြပါသည်။ ဒေါ်မြသင်းသည် (၂၇-၇-၂၀၀၆)ရက်က ကွယ်လွန်ခဲ့ပြီးဖြစ်ပါ၍ အထက်ပါ အိမ်နှင့်မြေတို့သည် ကျွန်တော်၏အမှုသည် ဦးသိန်းလှိုင်က ဆက်ခံပိုင်ဆိုင်လျက်ရှိပါသည်။ အထက်ပါအိမ်နှင့် မြေတို့ကို အခြားသူများက ရောင်းချခြင်း၊ပေါင်နှံခြင်း၊ လွှဲပြောင်းပေးခြင်း မပြု လုပ်ကြပါရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးသိန်းလှိုင်** | **ဦးသိန်းဥဘဏ်** |
| **၁၂/ဗဟန(နိုင်) ၀၄၉၅၈၄** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၇၄၂)** |
| **အမှတ်(၅၁)၊ ရဲဘော်ကုန်း(၁)လမ်း၊** | **အမှတ်(၇၁၅)၊ အောက်လမ်းမကြီး၊** |
| **ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့။** | **မောင်ငံရပ်ကွက်၊ မော်လမြိုင်မြို့။** |

## ဒေါ်ပြည့်ထက်ငြိမ်း(၁၂/လကန (နိုင်)၂၁၄၈၃၃) နှင့် အများသိစေရန် ကြေညာခြင်း

ဦးအောင်မင်းသူ (၁၂/ဥကမ(နိုင်)၁၉၈၁၆၃)နှင့် ဒေါ်ပြည့်ထက်ငြိမ်း(၁၂/လကန(နိုင်)၂၁၄၈၃၃)တို့သည် (၁၄-၂-၂၀၁၅)ရက်ကပင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။ ဦးအောင်သူမင်းက ဇနီးဖြစ်သူ ဒေါ်ပြည့်ထက်ငြိမ်းအပေါ် လင့်ဝတ္တရားကျေပွန်စွာဖြင့် ကျွေးမွေးပြုစုစောင့်ရှောက်ထောက်ပံ့ပေးကမ်းခဲ့ပါသည်။ (၅-၇-၂၀၂၄)ရက်တွင် ဒေါ်ပြည့်ထက်ငြိမ်းက ဦးအောင်သူမင်းအား အကြောင်းမရှိအကြောင်းရှာ၍ ဆူပူအော်ဟစ်ရန်ပြုကာ ကိုယ်ထိလက်ရောက်ကျူးလွန်ပြီး လင်မယားနှစ်ဦးပိုင် ရွှေငွေလက်ဝတ် ရတနာများနှင့် ငွေကြေးများအားယူဆောင်ပြီးနေအိမ်မှ ထွက်သွားခဲ့ပါသည်။ ဦးအောင်သူမင်းက ဒေါ်ပြည့်ထက်ငြိမ်းအား (၇)ရက်အတွင်း အမြန်ဆုံးပြန်လာရန်တောင်းဆို အပ်ပါသည်။ ဒေါ်ပြည့်ထက်ငြိမ်းသည် လင်မယားနှစ်ဦးပိုင် ရွှေငွေလက်ဝတ်ရတနာများနှင့် ငွေကြေးများအား ယူဆောင်ပြီး နေအိမ်မှထွက်သွားပါ၍ သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်စွာမြင့်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၂)**
**LL.B, D.B.L, D.I.LWIPO (Switzerland)**
**အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ် Ph : 09-450027746**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ တပင်ရွှေထီးရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅/တပင်ရွှေထီးရပ်)၊ မြေကွက်အမှတ်(ပစ(C)၄၅၁၃)၊ အကျယ်(၆၀x၄၀)ပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးတင်ဝင်း(ဘ)ဦးအောင်သိန်း ၁၂/ လကန(နိုင်) ၀၃၇၁၂၉ အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူထားပြီးလက်ရောက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဦးသောင်းကြည်(ဘ)ဦးမြင့်သိန်း ၇/သဝတ(နိုင်)၀၉၀၂၅၄ထံမှ ကျွန်ုပ် ၏မိတ်ဆွေ ဦးကျော်နိုင်(ဘ)ဦးသောင်းညွှန့် ၁၂/ရကန(နိုင်)၀၀၀၅၃၇က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော မြေပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ ၁၄ ရက် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကျော်နိုင်** | **ဒေါ်မေသဇင်ချစ်(LL.B)** |
| ဖုန်း-၀၉-၅၀၆၃၆၀၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၃၆/၂၀၁၇) |
| | အမှတ်(၂၆၆၁)၊ဒေါနလမ်း၊ တပင်ရွှေထီးရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ် |
| | နေပြည်တော်၊ ဖုန်း-၀၉-၄၃၁၁၂၂၄၀၊ ၀၉-၆၉၇၈၁၆၆၀၀ |

# ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(ပ-၁၂၂)ကို အမည်ပေါက် ဦးကျော်စိန်တင့်(ဘ)ဦးပွ ၉/ပမန(နိုင်)၁၉၈၈၄၀(ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်သင်းသင်းမွေး(ဘ)ဦးစံငြိမ်း ၉/ပမန(နိုင်)၂၁၄၂၁၀မှ မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း (မိတ္တူ)၊ မြေပေးစလစ်(မူရင်း)၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ အမည်ပေါက် သေဆုံးမှုလက်မှတ်၊ တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့၊ ရွှေအိုး(၂)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၂/ရွှေအိုးရပ်တောင်၊ မြေမျိုး-မြို့မြေ ၊ပိုင်ဆိုင်ခွင့်-B၊ ဒေါ်စိန်လှအမည်ပေါက်ပိုင်ဆိုင်သည့် ဦးပိုင်အမှတ်(၅၇-ဃ)၊ဧရိယာ ၀ဒသမ၀၂၇ဧကအား ဦးကျော်ကျော်လွင်မှ လည်းကောင်း၊ ဦးပိုင်အမှတ်(၅၇-င)၊ဧရိယာ ၀ ဒသမ ၀၄၂ဧကအား ဦးဌေးရွှေမှ လည်းကောင်း၊ စုစုပေါင်း ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိအရှေ့လားသော်-မတောင့်တဘုန်းကြီးကျောင်း၊ အနောက်လားသော်-လမ်း၊ မြောက်လားသော်-ဦးပိုင်အမှတ်(၁၂၁)၊ တောင်လားသော်-ဦးပိုင်အမှတ်(၅၇-က)ရှိ ဘိုးဘပိုင်မြေကွက်။ အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးကျော်ကျော်လွင်နှင့် ဦးဌေးရွှေတို့မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ(၁၀)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက် နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ် မြေစာရင်းဦးစီးဌာန၊တောင်တွင်းကြီးမြို့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ သမာဓိ(၅)လမ်း၊ အမှတ် ၁၉(C)ဟုခေါ်တွင်သော မြေကွက်သည် ဦးဌေးလွင် ၁၂/သဃက(နိုင်) ၁၈၄၆၉၂မှ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ယင်းမြေပေါ်(၁၉x၇၀) ပေ အကျယ်အဝန်းရှိ ငါးထပ်တိုက်နှစ်ခန်းတွဲတစ်လုံးကို ၎င်းကိုယ်တိုင် ကန်ထရိုက်ပြုလုပ်၍ ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အဆိုပါဆောက် လုပ်မည့် တိုက်မှ အခန်းများကို ကြိုတင် အရစ်ကျငွေပေးချေစနစ်ဖြင့် ရောင်းချရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဦးဇော်မင်းထွန်း ၆/မမန(နိုင်) ၂၀၁၈၂၆မှ ပထမထပ်(ယာဘက်ခြမ်း) အခန်းကို ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေပြီး နှစ်ဦးသဘောတူတိုက်ခန်း ကြိုတင်အရစ်ကျ အရောင်းအဝယ်ကတိစာချုပ်ပြုလုပ်၍ ဝယ်ယူထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်မြတ်မြတ်ဝင်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၀၇၃/၂၂)**
**အမှတ်(၁၂)၊ မြေညီထပ်၊ သမာဓိ(၂)လမ်း၊ (ဆ/က)ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၇၆၆၅၈၆၊ ၀၉-၉၅၉၅၁၆၅၁၅**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/58219, New Zhineng-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးလင်းမောင် ၁၄/ဘကလ(နိုင်) ၃၉၀၈၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဖျာပုံ)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်အိမ်ရာ၊ တိုက်(B)၊ အခန်းအမှတ်(၇၀၇)၊ အကျယ်အဝန်း(၁၅၀၀)စတုရန်းပေရှိ တိုက်ခန်း နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ရွှေ ၁၃/ကခန(နိုင်) ၀၀၅၆၀၇ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါ အပြီးအပိုင် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောကျော်စွာထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၁)**
**တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန် တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၀၆၅၅၇၃၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/62789, LONXUAN-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မင်းထွန်း ၁၄/ဖပန(နိုင်)၁၆၁၃၁၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ဖျာပုံ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# မန္တလာတက္ကသိုလ်
# တတိယအကြိမ် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း
# (နေ့သင်တန်း/အဝေးသင် သင်တန်း)

မန္တလာတက္ကသိုလ် နေ့သင်တန်းမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ မတ်လနှင့်စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဝိဇ္ဇာ/မဟာသိပ္ပံ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူးဘွဲ့)၊ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့) နှင့် BTHM (ဘွဲ့) စာမေးပွဲများကို အောင်မြင်ခဲ့ကြသော ကျောင်းသား/ ကျောင်းသူများသည် မန္တလာတက္ကသိုလ်၏ တတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ (သို့) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

မန္တလာတက္ကသိုလ် အဝေးသင် သင်တန်းမှ ၂၀၂၄ ပညာသင်နှစ်၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလနှင့်နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဝိဇ္ဇာ၊သိပ္ပံ(ဘွဲ့) စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသော ကျောင်းသား/ကျောင်းသူများသည် မန္တလာတက္ကသိုလ်၏ တတိယအကြိမ် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့(သို့) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်။

**ဘွဲ့နှင်းသဘင်ကြေး**

**တက်ရောက်ဘွဲ့ကြေး** - ကျပ် ၁၅၀၀၀/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၂၃-၁၂-၂၀၂၄ ရက်မှ ၁၇-၁-၂၀၂၅ ရက်အထိ

**မှတ်ချက်**

(၁) နေ့သင်တန်း ကျောင်းသား/ကျောင်းသူများအတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို မန္တလာတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် လျှောက်ထားရမည်။
(၂) အဝေးသင် သင်တန်း ကျောင်းသား/ကျောင်းသူများ အတွက် ဘွဲ့နှင်းသဘင် လျှောက်လွှာများကို မန္တလာတက္ကသိုလ် အဝေးသင် သင်တန်းဌာနတွင် လျှောက်ထားရမည်။
(၃) လွန်ခဲ့သော(၃)လအတွင်း သပ်ရပ်စွာ ရိုက်ကူးထားသော(၁.၅"x၂")ဓါတ်ပုံ(၃)ပုံနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြား မိတ္တူ ပူးတွဲ၍လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း ဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံများကို အပြည့်အစုံ စနစ်တကျ ဝတ်ဆင်၍ လျှောက်ထားရမည်။
(၄) သတ်မှတ်ဘွဲ့ကြေးများကို မန္တလာတက္ကသိုလ် ငွေလက်ခံဌာနတွင် ပေးသွင်းရမည်။
(၅) ရပ်ဝေးမှ ပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့ရမည် ဖြစ်ပြီးငွေပို့လွှာ၏ အောက်ခြေတွင် "ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း" ဟုဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ စာမေးပွဲ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြု ဘာသာရပ် စသည်များကိုလည်း တိကျစွာ ဖော်ပြ လျှောက်ထားရပါမည်။ ပြည့်စုံစွာ ဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။
(၆) အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့် သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ(သို့မဟုတ်) အနောက်တိုင်း ဝတ်စုံ (အမျိုးသား) နှစ်သက်ရာဝတ်စုံကို ပြည့်စုံစွာဝတ်ဆင်၍ တက်ရောက်ရမည်။
(၇) တက်ရောက်ဘွဲ့ လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့နှင်းသဘင်ကျင်းပပြီးနောက်(၆)လ ပြည့်သည့် အချိန်မှသာ ဘွဲ့လက်မှတ်များ ထုတ်ပေးမည်ဖြစ်ပါသည်။
(၈) ယခင် ပညာသင်နှစ်များက ဘွဲ့ရစာမေးပွဲ အောင်မြင်သူများသည် အဝေးရောက်ဘွဲ့ အတွက် လျှောက်ထားနိုင်သည်။
(၉) ဘွဲ့နှင်းသဘင်ကျင်းပမည့်အသေးစိတ် အစီအစဉ်များကိုထပ်မံကြေညာသွားမည် ဖြစ်ပြီး မန္တလာတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**သင်တန်းရေးရာဌာန**
**မန္တလာတက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့၊ မြို့မရပ်ကွက်၊ ဈေးလမ်းရှိ (ဦးညွန့်လွင်+ဒေါ်နှင်းလှ) ဂရန်အမည်ပေါက်ထဲမှ၊ 3B-ဈေးရပ်၊ ဦးပိုင်အမှတ် (၅၀က)၊ ဧရိယာ ၀ ဒသမ ၀၄၅၊ အိမ်အမှတ် (၁၂)၊ နှစ်ထပ်တိုက်တို့မှာ ဒေါ်စိန်စိန်လှနှင့် ဦးမြင့်ဆွေတို့မောင်နှမနှစ်ဦး တရားဝင်ပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်သည်။ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိန်စိန်လှ ၇/နတလ(နိုင်)၁၁၄၁၇၀မှ ၎င်းပိုင်ဆိုင်သည့် အမွေဝေစု တစ်ဝက်တိတိ၏ နှစ်ပုံ၊ တစ်ပုံတို့အားကို တူမအရင်းများဖြစ်သည့် မဆုပြည့်နန္ဒာထွန်း ၇/နတလ(နိုင်)၁၉၆၈၀၂နှင့် မဆုပြည့်မွန်မွန်ဖြိုး ၇/နတလ(နိုင်)၁၉၆၈၀၃တို့ ညီအစ်မနှစ်ဦးတို့အား ၁၃-၁၂-၂၀၂၄ရက်တွင် အသိသက်သေများရှေ့မှောက်၌ "မေတ္တာဖြင့် အပိုင် ပေးကမ်းခြင်းစာချုပ်" ချုပ်ဆိုပြီး ချစ်ခြင်းမေတ္တာ စေတနာသက်သက်ဖြင့် ပေးကမ်းလိုက်သည်။ သို့ဖြစ်ပါ၍ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ယခုကြေညာစာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်ဦး(LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၅၄၂၄၂) နတ်တလင်းမြို့**

## ဒေါ်ယုယုနိုင် (ဘ) ဦးစံမြင့် (၁၂/ဒဂရ(နိုင်)၀၀၀၅၂၇)နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်ယုယုနိုင် (ဘ) ဦးစံမြင့် (၁၂/ဒဂရ(နိုင်)၀၀၀၅၂၇) သည် ဒေါ်ခင်စန်း (ဘ) ဦးစံတင် (၁၂/ဒဂရ(နိုင်)၀၀၀၅၂၅)၊ ဒေါ်တင်တင်သန်း (ဘ)ဦးစံတင် (၁၂/မရက(နိုင်)၀၉၄၈၃၀)၊ ဒေါ်သန်းသန်းဌေး (ဘ) ဦးစံတင် (၁၂/မရက (နိုင်) ၀၉၄၆၃၃)တို့နှင့် တူမတော်စပ်သူဖြစ်ပြီး ဦးအောင်နိုင်ထွန်း (ဘ) ဦးတင်ရွှေ (၁၂/ဒဂရ(နိုင်)၀၀၂၁၉၈)နှင့် အမှတ်-(၄၁၅/ခ)၊ ရတနာပုံလမ်း၊(၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ နေအိမ်၌အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး၊ မစွမ်းရည်အောင် (၂၀)နှစ်၊ မောင်ကောင်းဝေနိုင်(၁၆)နှစ်၊ မောင်ကောင်းပြည့်နိုင် (ခ) ဖောင်းဖောင်း(၄)နှစ်၊ သားသမီး (၃)ဦး ထွန်းကားခဲ့ပါသည်။

အထက်ဖော်ပြပါ မယုယုနိုင်သည် အဒေါ်ဖြစ်သူများအား အရှက်ရစိတ်ညိုညင်စေပြီး လူမှုရေး အရ လက်မခံနိုင်သည့် အခြေအနေများပြုလုပ်ကာ (၁၁-၄-၂၀၂၄)ရက်တွင် အကြောင်းမဲ့ ၎င်း၏သဘောဆန္ဒဖြင့် အထက်ဖော်ပြပါ နေအိမ်မှထွက်ခွာသွားပြီး ယနေ့အထိ ဆက်သွယ်၍မရခဲ့ပါ။

သို့ဖြစ်ပါ၍ အဒေါ်များဖြစ်သူ ဒေါ်ခင်စန်း၊ ဒေါ်တင်တင်သန်းနှင့် ဒေါ်သန်းသန်းဌေးတို့က တူမဖြစ်သူ မယုယုနိုင်အား တူမအဖြစ်မှ စွန့်လွှတ်ပြီး ၎င်းနှင့်ပတ်သက်သည့် ငွေရေးကြေးရေးပြဿနာများ၊ လူမှုရေးပြဿနာများ စသည့် မည်သည့်အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | |
|---|---|
| **ဦးစိုးဝင်းအောင် (LL.B,C.BL,D.BL)** | **ဒေါ်ပန်းအိစံ** |
| **WIPO(Switzerland)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၂၇/၈၈)** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ်-(၁၀၇၀)၊ ကမ္ဘောဇ(၃)လမ်း** | **(စဉ်-၁၈၇၂၂/၃၀-၁၁-၂၀၂၃)** |
| **(၁၃၃)ရပ်ကွက်၊** | **အမှတ်-(၅၅၇/က)၊ ဗိုလ်မိုးကြိုးလမ်း၊** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊** | **(၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)** |
| **ဖုန်း-၀၉-၄၃၁၂၁၀၆၈** | **မြို့နယ်၊ ဖုန်း-၀၉-၆၆၉၆၈၁၅၁၅** |
| **ဒေါ်ဝင့်ဝါခိုင် (LL.B)** | **ဒေါ်ဖူးပွင့်ဇွန်(LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၄၉၄၉၉/၂၈-၂-၂၀၁၈)** | **(စဉ်-၅၀၃၃၁/၂၀-၉-၂၀၁၈)** |
| **အမှတ်-(၈၂၁)၊ ဆုပြည့်ရတနာ** | **အမှတ်-(၄၀)၊ လှော်ကားလမ်း၊** |
| **(၄)လမ်း၊ (၅၆)ရပ်ကွက်၊** | **(၁၀၅)ရပ်ကွက်၊** |
| **ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊** | **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်** |

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး အထွေထွေပိုလျှံရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | Lot |
|---|---|---|
| (က) | စစ်ကိုင်းမြို့ ၊ရွှေမင်းဝံရိပ်သာအတွင်းကားဂိုဒေါင် (Steel Structure) (၂)ထပ်ဆောက်လုပ်ခြင်းလုပ်ငန်း (၇၂ပေx၁၈ပေ) | Lot-1 |

**လျှောက်လွှာရောင်းချမည့်နေရာ** - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
**လျှောက်လွှာရောင်းချမည့်ရက်** - ၁၇-၁၂-၂၀၂၄ရက်မှ ၃၀-၁၂-၂၀၂၄ရက်ထိ (အစိုးရရုံးဖွင့်ရက်နှင့် ရုံးချိန်အတွင်း)
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၃၀-၁၂-၂၀၂၄ရက်၊ ၁၆:၀၀နာရီထိ
**လျှောက်လွှာတင်သွင်းရမည့်နေရာ**- စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ငွေစာရင်းဌာန
**တင်ဒါဖွင့်လှစ်မည့်ရက်** - ထပ်မံအကြောင်းကြားသွားပါမည်။

၂။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ ဖုန်း ၀၇၁-၂၀၃၂၇၆၉သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

## ပုံစံ(၈)ဝင် အခြား (သစ်လုံး/ ခွဲသား/ (၃)ပေအောက်သစ်လုံး)အား ရောင်းချရန် လေလံကြော်ငြာ

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်၊ သစ်တောဦးစီးဌာနရှိ ပုံစံ(၈)ဝင် အင်သစ်လုံး(၁၁၁)လုံး (၄၃ဒသမ၅၂၈)တန်၊ အင်ခွဲသား (၉၂)ချောင်း (၁ဒသမ၄၂၇၀)တန်နှင့် လုံးပတ် (၃)ပေအောက် အင်သစ်လုံး (၁၅၄)လုံး (၂၆ဒသမ၄၅၀)တန်၊ စုစုပေါင်း (၃၅၇) လုံး/ချောင်း (၇၁ဒသမ၄၀၅၀) တန်အား လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် သစ်တောဦးစီးဌာနမှ တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်စက်သေး/စက်ကြီး အချောထည်စက်၊ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင် အသင်းဝင်များနှင့် မြန်မာနိုင်ငံပရိဘောဂလုပ်ငန်းရှင်အသင်းဝင်များကိုသာ လေလံဆွဲဝယ်ယူခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာပါသည်။.

**လေလံအစီအစဉ်**

**နေ့ရက်** - ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ လ ၂၀ ရက်
**အချိန်** - နံနက် (၁၀:၀၀) နာရီ
**နေရာ** - ရတနာသစ်ခန်းမ၊ ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ကြီး)

၂။ လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင် ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ သစ်တောဦးစီးဌာန၊ တောင်ကြီးခရိုင်တွင် (၁၆-၁၂-၂၀၂၄) ရက်မှ (၁၉-၁၂-၂၀၂၄) ရက်အတွင်း ဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ အသေးစိတ်သိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး၊ တောင်ကြီးခရိုင်၊ သစ်တောဦးစီးဌာန ဖုန်း ၀၈၁-၂၁၂၁၁၄၆၊ ၀၈၁-၂၁၂၂၂၈၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးကော်မတီ**

## ဒေါ်ယုယုနိုင်(ဘ)ဦးစံမြင့်(၁၂/ဒဂရ(နိုင်)၀၀၀၅၂၇)နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်ယုယုနိုင်(ဘ)ဦးစံမြင့် (၁၂/ဒဂရ(နိုင်)၀၀၀၅၂၇)သည် မငုဝါနိုင် (၁၂/ဒဂရ(နိုင်)၀၁၁၅၈၀)၊ မအင်ကြင်းခက် (၁၂/ဒဂရ(နိုင်)၀၁၁၅၂၄)တို့နှင့် ညီအစ်မတော်စပ်သူဖြစ်ပြီး ဦးအောင်နိုင်ထွန်း (ဘ) ဦးတင်ရွှေ (၁၂/ဒဂရ(နိုင်)၀၀၂၁၉၈) နှင့် အမှတ်-(၄၁၅/ခ)၊ ရတနာပုံလမ်း၊ (၁၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ နေအိမ်၌ အကြင်လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ခဲ့ပြီး၊ မစွမ်းရည်အောင်(၂၀)နှစ်၊ မောင်ကောင်းဝေနိုင် (၁၆)နှစ်၊ မောင်ကောင်းပြည့်နိုင်(ခ) ဖောင်းဖောင်း (၄)နှစ်၊ သားသမီး(၃)ဦးထွန်းကားခဲ့ပါသည်။

အထက်ဖော်ပြပါ မယုယုနိုင်သည် ညီအစ်မဖြစ်သူများအား အရှက်ရစိတ်ညိုညင်စေပြီး လူမှုရေးအရ လက်မခံနိုင်သည့် အခြေအနေများပြုလုပ်ကာ ၁၁-၄-၂၀၂၄ရက်တွင် အကြောင်းမဲ့ ၎င်း၏ သဘောဆန္ဒဖြင့် အထက်ဖော်ပြပါ နေအိမ်မှ ထွက်ခွာသွားပြီး ယနေ့အထိ ဆက်သွယ်၍ မရခဲ့ပါ။

